# အခြေအနေသစ်နှင့် ဒီမိုကရက်တစ် မြန်မာနိုင်ငံအဖြစ်သို့ တရားမျှတစွာ ကူးပြောင်းခြင်း

## နိုင်ငံတကာ နယ်စပ်ဖြတ်ကျော် ရွှေ့ပြောင်းလုပ်သားများနှင့် ကိုဗစ်-၁၉ ကပ်ရောဂါဘေး



## ပြည်သူတို့ကြား ဆွေးနွေးကြရမည့် အရေးကြီးသော ၂၆ ချက်

# အခြေအနေသစ်နှင့် ဒီမိုကရက်တစ် မြန်မာနိုင်ငံအဖြစ်သို့ တရားမျှတစွာ ကူးပြောင်းခြင်း - နိုင်ငံတကာ နယ်စပ်ဖြတ်ကျော် ရွှေ့ပြောင်းလုပ်သားများနှင့် ကိုဗစ်-၁၉ ကပ်ရောဂါဘေး

# ပြည်သူတို့ကြား ဆွေးနွေးကြရမည့် အရေးကြီးသော ၂၆ ချက်


သုတေသနအစီရင်ခံစာ

Transnational Institute

နှင့်

Justice Society၊ လားဟူဖွံ့ဖြိုးရေးကွန်ရက်၊ မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၊
မွန်ဒေသရပ်ရွာဖွံ့ဖြိုးရေးအဖွဲ့အစည်း၊ မွန်ဒေသမြေမှုဝါဒရေးရာကော်မတီ၊ Mon Women's
Organization၊ တိုးတက်သောမွန်လူငယ်များအစည်းအရုံး၊ ပအိုဝ်းလူငယ်အစည်းအရုံး၊
ပေါင်းကူး၊ တအာင်းကျောင်းသားနှင့်လူငယ်များအဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ
ရှမ်းလူငယ်ကွန်ရက် နှင့် RRUSHES-5 Research Project
တို့မှ ပူးပေါင်းထုတ်ဝေသည်။



အောက်တိုဘာ ၂၀၂၀

မျက်နှာဖုံးပန်းချီ -
"Migrant Workers", watercolour on 8" X 11" paper by Filipino artist Boy Dominguez (2020)

စာအုပ်ဒီဇိုင်း - အောင်သူ

Transnational Institute၊ Justice Society၊ လားဟူဖွံ့ဖြိုးရေးကွန်ရက်၊
မေတ္တာဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း၊ မွန်ဒေသရပ်ရွာဖွံ့ဖြိုးရေးအဖွဲ့အစည်း၊
မွန်ဒေသမြေမှုဝါဒရေးရာကော်မတီ၊ Mon Women's Organization၊
တိုးတက်သောမွန်လူငယ်များအစည်းအရုံး၊ ပအိုဝ်းလူငယ်အစည်းအရုံး၊ ပေါင်းကူး၊
တအာင်းကျောင်းသားနှင့်လူငယ်များအဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ရှမ်းလူငယ်ကွန်ရက် နှင့်
RRUSHES-5 Research Project တို့မှ ပူးပေါင်းထုတ်ဝေသည်။

အောက်တိုဘာ ၂၀၂၀

Contents of the report may be quoted or reproduced for non-commercial purposes, provided that the source of information is properly cited. TNI would appreciate receiving a copy or link of the text in which this document is used or cited. Please note that for some images the copyright may lie elsewhere and copyright conditions of those images should be based on the copyright terms of the original source. http://www.tni.org/copyright

*ယခုသုတေသနအစီရင်ခံစာတွင် ရွှေ့ပြောင်း အလုပ်သမား ၁၃၆ ဦး (အမျိုးသမီး၊ အမျိုးသား၊ မတူညီသည့် အသက်အုပ်စု များ၊ တိုင်းရင်းသားလူမျိုးစုများ၊ ဒေသ အသီးသီး (မကွေး၊ မန္တလေး၊ စစ်ကိုင်း၊ ရှမ်း နှင့် မွန် ပြည်နယ်) တို့ကိုမေးမြန်း ထားပါသည်။ လူအယောက် ၁၂၀ ကို ဧပြီနှင့် သြဂုတ်လအတွင်းမေးမြန်းခဲ့ကာ ကျန်သည့် ၁၆ယောက်ကို မြန်မာနိုင်ငံ အလယ်ပိုင်းရှိ တိုင်း ၃တိုင်း တွင် ၂၀၁၉ သြဂုတ်နှင့် စက်တင်ဘာ နှစ်လအတွင်း မေးမြန်းခဲ့ပါသည်။ ယခုအစီရင်ခံစာအား ဖြင့် မည်သူတွေက ရွှေ့ပြောင်းအလုပ်သမား များဖြစ်သနည်း၊ အဘယ်ကြောင့် ရွှေ့ ပြောင်းအလုပ်သမား ဖြစ်လာခဲ့သနည်း၊ ၎င်း တို့၏ လက်ရှိအခြေအနေများ အပေါ် မည်ကဲ့သို့ ရှုမြင်ကြသနည်း စသည့် မေးခွန်းများနှင့် ဆက်စပ်၍ ပိုမို နားလည်မှု တည်ဆောက်ယူနိုင်ရန်အတွက် ဖြစ်သည်။ ယခုအစီရင်ခံအကျဉ်းချုပ်တွင် ကိုဗစ်-၁၉ မှတဆင့် ပြောသော မြန်မာနိုင်ငံမှ နယ်စပ် ဖြတ်ကျော် ရွှေ့ပြောင်းအလုပ်သမားများ အကြောင်းဖော်ပြထားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကဏ္ဍ နှင့် မြန်မာနိုင်ငံ၏ ကျေး လက်ဒေသများသို့ အရင်းရှင်စီးပွားရေး ဝင်ရောက်လာမှုအပေါ် ခြုံငုံသုံးသပ်ထား ပါသည်။ ယခုသုံးသပ်ချက်များအားဖြင့် လက်ရှိဖြစ်ပေါ်နေသော အကျပ်အတည်း အား ရင်ဆိုင် ကျော်လွှားနိုင်ရန် ပြည်သူများ အတွက် လိုအပ်သောဗဟုသုတ အနေဖြင့် အထောက်အကူပြုနိုင်မည်ဟု ယုံကြည် ပါသည်။ ထို့အပြင် ကပ်ရောဂါအလွန်တွင် အသစ် ဖြစ်လာမည့် ပုံမှန်အခြေအနေကို လူမှုရေး တရားမျှတမှုရှိစွာ တည်ဆောက် နိုင်ရန် ရည်ရွယ်ပါသည်။ ယခုအစီရင်ခံစာ အကျဉ်းချုပ်တွင် နယ်စပ်ဖြတ်ကျော် ရွှေ့ပြောင်း အလုပ်သမားများ၏ ဘဝဇာတ် ကြောင်းများ၊ ကျေးလက်ဒေသလူမှုအဖွဲ့ အစည်း တည်ဆောက်ပုံစသည်တို့ကို အဓိ ကထား၍ ဖော်ပြကာ မီးမောင်းထိုးပြလို သည့် အချက်များကိုသာ စုစည်းတင်ပြ ထားပါသည်။ မြန်မာ နှင့် အင်္ဂလိပ်နှစ် ဘာသာဖြင့် နိုဝင်ဘာလ ၂၀၂၀ ကုန်တွင် ထွက်လာမည့် အစီရင်ခံစာ အပြည့်အစုံ အား စာဖတ်သူများအနေဖြင့် ဖတ်ရှု သုံးသပ်နိုင်ဖို့ရန် လည်း ဖိတ်ခေါ်ပါသည်။*

မြန်မာနိုင်ငံ၏ နယ်စပ်ဖြတ်ကျော် ရွှေ့ ပြောင်းအလုပ်သမား အများစုမှာ ကျေး လက်ဒေသများမှ ဖြစ်ကာ ထိုဒေသများတွင် ယခုအချိန်ထိ နက်ရှိုင်း ကျယ်ပြန့်စွာရှိနေ ပါသေးသည်။ ခန့်မှန်းခြေအားဖြင့် မြန်မာ ရွှေ့ပြောင်း လုပ်သား ၅ သန်းခန့်သည် ထိုင်း၊ တရုတ် နှင့် မလေးရှား စသည့်နိုင်ငံများတွင်

အများစု အလုပ်လုပ်နေပြီး တစ်နှစ်အတွင်း ပြည်တွင်းသို့ ငွေပြန်လွှဲသည့် ခန့်မှန်း ပမာဏ ဒေါ်လာ ၈ ဘီလီယံခန့်ရှိပါသည်။ ရွှေ့ပြောင်းလုပ်သားများသည် အလွန် တွေးဆကြံစည်တတ်ကြပါသည်။

၎င်းတို့ကိုယ်တိုင် အလုပ်များရှာဖွေကာ အလုပ်ရှိရာနိုင်ငံခြားသို့ ကိုယ့်အစီအစဉ်နှင့် သွားရောက်နိုင်ကြသည်။ ကပ်ရောဂါ ဖြစ်သည့် ကာလတွင်လည်း ၎င်းတို့ အစီအစဉ်ဖြင့်သာ ကိုယ့်ရပ်ရွာရှိရာ ပြန်လာနိုင်သည်။ ၎င်းတို့၏ ဘဝရှင်သန်ရပ်တည်နိုင်ရန် ကိုယ့်အားကိုယ်ကိုးကာ ရှင်သန်နိုင်သည်။ ထိုကဲ့သို့ အတွေ့အကြုံများကို ကြည့်ခြင်းအားဖြင့် ကျေးလက်ဒေသရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏ အခြေအနေအား နားလည်နိုင်စွမ်းရှိကာ ပြောင်းလဲယူနိုင်သော အစွမ်းအစ (political agency) ရှိကြသည်ကို မြင်ရပါသည်။ ထိုမှတဆင့် ကျေးလက်ဒေသတွင် ရှင်သန်ရပ်တည်နေရသူများအနေဖြင့် ၎င်းတို့၏ လူတန်းစားနှင့် လူမှုသင်္ကေတ အခြေအနေ သိမြင်မှုအပေါ်အခြေခံကာ ၎င်းတို့၏ အနာဂတ်အား ကိုယ်တိုင်တည်ဆောက်ယူ နိုင်ပါမည်လော။ ယခုမေးခွန်းအတွက် အဖြေမရှိသေးပါ။ သို့သော်ငြားလည်း အလွန်ကျော်ကြားသည့် နိုင်ငံရေးဘောဂဗေဒပညာရှင်တစ်ဦး၏ စကားအတိုင်း ဆိုရလျှင် မြန်မာနိုင်ငံ၏ အလုပ်သမားလူတန်းစား အနေဖြင့် ကိုယ့်သမိုင်းကိုယ် ဖန်တီးနိုင်သော်လည်း မိမိကြိုက်နှစ်သက်သည့်၊ ကိုယ်ရွေးချယ်သည့် အခြေအနေအောက်တွင် မဟုတ်နိုင်ဘဲ အတိတ်မှဖြစ်လာသော အခြေအနေများ အောက်တွင်သာ လှုပ်ရှားနိုင်ကြသည်။




အိမ်နီးချင်းနိုင်ငံများနှင့် မြန်မာနိုင်ငံမြေပုံ

ကပ်ရောဂါကြောင့် ထိခိုက်ခံစားရသော ကျေးလက်ဒေသမှ ရွှေ့ပြောင်းလုပ်သားများနှင့် ဆက်စပ်၍ နောက်ခံ အကြောင်းအရာများ၊ အခြေအနေများ၊ နောက်ဆက်

တွဲများ၊ အခက်အခဲများတွင် တူညီသည့် မှတ်သား ဖွယ်ရာများရှိသည်။ ယခုသုတေသနမှ မီးမောင်းထိုးပြသင့်သည့် အချက်များ၊ ဖြစ်နိုင်သည့်နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများကို အောက်တွင် အကျဉ်းချုပ် ဖော်ပြထားပါသည်။ (ယခုအစီရင်ခံစာ အကျဉ်းချုပ်တွင် တခြားအဖွဲ့အစည်းများ၊ မီဒီယာများတွင် ဖော်ပြလေ့ရှိသည့် အကြောင်းအရာများနှင့် မထပ်အောင် ရေးထားပါသည်။)

**၁. နယ်စပ်ဖြတ်ကျော် ရွှေ့ပြောင်း အလုပ်သမား အများအပြား အနေဖြင့် ၎င်းတို့၏ အလုပ်အကိုင်များနှင့် ဝင်ငွေများ ဆုံးရှုံးခဲ့ရသည်။**

ထိုအချက်ကို မြန်မာနိုင်ငံသို့ ပြန်လာရန် ဆုံးဖြတ်ခဲ့သောသူများတွင် သာမကာ အလုပ်လုပ်ကိုင်နေသောနိုင်ငံတွင် နေရစ်ရန် ဆုံးဖြတ်ခဲ့သူများတွင်ပါ တွေ့ရသည်။ ပထမအုပ်စုတွင် ၎င်းတို့၏ အလုပ်များ လုံးဝပိတ်လိုက်၍သော်လည်းကောင်း သို့မဟုတ် လုပ်ငန်းများကို အဆမတန် လျှော့ချလိုက်ရသောကြောင့်သော်လည်းကောင်း ပြန်လာရသော အလုပ်သမားများ ပါဝင်သည်။ အဆိုးဆုံးဖြစ်ရပ်မှာ လက်ရှိ အလုပ်အကိုင်နှင့် အနာဂတ်တွင် ဝင်လာမည့် ဝင်ငွေသာမကပဲ ယခင်က လုပ်အား စိုက်ထားရသည့်အတွက် ရရန်ရှိသည့်ဝင်ငွေ များကို ပြန်မည့်အချိန်တွင် အလုပ်ရှင်မှ မပေးတော့သည့်အတွက်ကြောင့် ဆုံးရှုံးရသူများဖြစ်သည်။ မေးမြန်းခဲ့သူ အားလုံးလိုလိုသည် ၎င်းတို့၏ ကိုယ်ပိုင်ငွေများအသုံးပြုကာ မြန်မာနိုင်ငံသို့ ပြန်လာခဲ့ကြသည်။

*"ကျွန်မနဲ့ ကျွန်မယောကျာ်း တရုတ်ပြည်သွားဖို့ဆိုပြီး ငွေ ၅ သိန်းယူသွားတယ်။ အဲဒီထဲက ၁သိန်း ကို တယောက် ၅သောင်းနှုန်းနဲ့ အလုပ်ပွဲစားကိုပေးရတယ်။ သူက မြန်မာနိုင်ငံက ရှမ်းတရုတ်ပဲ။ အခုတော့ ကျွန်မတို့မှာ မှန်းထားသလောက်ကို ပိုက်ဆံပြန်မရဘူး။ လုပ်အားခလည်း အပြည့်ပြန်မရဘူး။ ပြီးတော့ အပြန်စားရိတ်အတွက်လည်း ကုန်ရသေးတယ်လေ။ အခုတော့ သွားဖို့ယူထားတဲ့ အကြွေးလည်း ပြန်မဆပ်နိုင်ဘူး။ ပြန်လည်းဆပ်ရဦးမယ်။ အခု အလုပ်လည်းမရှိဘူး။ လာမယ့် ကြံခတ်ရာသီ (နိုဝင်ဘာ ၂၀၂၀) အထိစောင့်ပြီးတော့ တရုတ်ပြန်သွားရမှာပေါ့။ အဲဒီကျရင် ကျွန်မတို့ သမီး ၂နှစ်သားလေးကိုပါခေါ်သွားမယ်"*

*(၂၈နှစ်၊ အမျိုးသမီး ရွှေ့ပြောင်းအလုပ်သမား၊ စစ်ကိုင်းတိုင်း)*

*"ကျွန်မအိမ်ပြန်ချင်တယ်။ ဒါပေမယ့် ပြန်လို့*

*မရသေးဘူးလေ။ ကျွန်မ ပတ်စ်ပို့က သက်တမ်းကုန်နေပြီ။ အခုအချိန် သက်တမ်းကုန် စာအုပ်နဲ့ပြန်သွားရင် ပြဿနာရှိတယ်လို့ သတင်းတွေကြားရတယ်။ အခု ထိုင်းမှာတော့ တင်းကျပ်တဲ့စည်းကမ်းတွေ စပြီး ဖြေလျှော့နေပြီ။ အိမ်မှာတော့ အဖေက မကျန်းမာဘူးလေ။ ပြီးတော့ ကျွန်မတို့ အိမ်ကလည်း ပြန်ပြင်ဆောက်ဖို့လိုပြီ။ အဲဒါကြောင့် ဒီမှာသည်းခံနေနေတာ။ အခုကျွန်မ အိမ်အကူ အလုပ်လုပ်တယ်။ တစ်လကို ဘတ်ငွေ ၁၀,၀၀၀ (မြန်မာကျပ်ငွေ ၄၃၀,၀၀၀ ခန့်) လောက်ရတယ်။ ဒီကပ်ရောဂါကြောင့် အလုပ်လုပ်တဲ့ အိမ်မှာပဲနေတော့တယ်။ ဒါပေမယ့် အလုပ်ရှင် အိမ်မှာပဲနေရတော့ အချိန်ကြာကြာ အလုပ်ပိုလုပ်ရတာပေါ့။ မလွတ်လပ်ဘူး။"*

*(၂၃ နှစ်၊ အမျိုးသမီး ရွှေ့ပြောင်းအလုပ်သမား၊ မွန်ပြည်နယ်)*

**၂. ရွှေ့ပြောင်းအလုပ်သမားများအား ၎င်းတို့ ရွှေ့ပြောင်းအလုပ်ရှိရာနိုင်ငံများတွင် အလွန်တန်ဖိုး ထားကြသည်။**

၎င်းတို့မရှိလျှင် ထိုနိုင်ငံများ၏ အရေးပါသော စီးပွားရေးကဏ္ဍ တော်တော် များများသည် လက်ရှိ အခြေအနေကဲ့သို့ စီးပွားရေးအရ ယှဉ်ပြိုင်နိုင်စွမ်းအားရှိမည် မဟုတ်ဘဲ တချို့ကဏ္ဍများ ပြိုလဲသည်အထိ ဖြစ်သွားနိုင်ပါသည်။ ဤအချက်မှာ ကမ္ဘာ့ထိပ်တန်းအဆင့်ရှိသော မလေးရှား နိုင်ငံ၏ ဆီအုန်းစိုက်ပျိုးရေး၊ နာမည်ကြီး ထိုင်းနိုင်ငံ၏ စိုက်ပျိုးရေး-အစားအစာ ထုတ်လုပ်ရေးစနစ်၊ တရုတ်နိုင်ငံရှိ ကြံစိုက်ပျိုးရေး စသည့် ရွှေ့ပြောင်း အလုပ်သမားများပေါ် မှီခိုနေရသော ကဏ္ဍများအားလုံးအတွက် မှန်ကန်နေသည်။ ရွှေ့ပြောင်းအလုပ်သမားများကို ထိုကဏ္ဍများတွင် အလွန်အားထားရသည်။ အကြောင်းရင်းမှာ အခြေခံအချက် ၃ ချက် အပေါ်မူတည်သည်။ အခြားလုပ်သားများထက် ဈေးပေါသော လုပ်အားခသာ ပေးရခြင်း၊ လိုအပ်သော ရာသီတွင်သာ အလုပ်ခန့်နိုင်ခြင်း (အထူးသဖြင့် ရာသီအလိုက်လုပ်ရသည့် ရွှေ့ပြောင်းအလုပ်) နှင့် မလိုအပ်သည့် အချိန်တွင် အလွယ်တကူ အလုပ်ထုတ်ပစ်နိုင်ခြင်း တို့ကြောင့်ဖြစ်သည်။

*"တရုတ်နိုင်ငံမှာ ကျွန်တော်က တရားဝင် မဟုတ်ဘူး။ ကျွန်တော်နဲ့အတူတခြား ၁၅ ယောက်လောက်ရှိမယ်။ ဖရဲခြံမှာ အလုပ်လုပ်ကြတယ်။ အားလုံးက အလယ်ဘက်ပိုင်းကနေလာတယ်။ ကျွန်တော့်ရွာက ၈ ယောက် ပါတယ်။ ခြံက မူဆယ်နဲ့နီးတဲ့ နယ်စပ်နားမှာပဲရှိတယ်။ ကျွန်တော်တို့ နယ်စပ်ကိုတရားမဝင်ဖြတ်ခဲ့ရတယ်။ ကား*

*သုံးစီးလောက်ပြောင်းစီးပြီးမှ နယ်စပ်မှာရှိတဲ့ တောင်ထိပ်ပေါ်ရောက်တယ်။ အဲဒီတောင်ပေါ်တက်ပြီး တဖက်ရောက်တော့ နောက်ကားတစ်စီးပြန်ပြောင်းစီးရင်း အလုပ်လုပ်တဲ့ခြံဆီရောက်တယ်.. ကျွန်တော်တို့အတွက် နေစရာ စားစရာ စီစဉ်ပေးတယ်။ ပိုက်ဆံထပ်ပေးစရာ မလိုဘူး... ကျွန်တော်တို့ ပိုးသတ်ဆေး၊ မြေဩဇာဆေးတွေဖြန်းရတယ်။ ပြီးတော့ ဖရဲသီးတွေကို အစွပ်စွတ်ရတယ်။ အကာအကွယ်ပစ္စည်းမရှိဘူး။ အလုပ်ချိန်က မနက် ၇နာရီကနေ နေ့လည် ၁၂ နာရီအထိ ပြီးတော့ နေ့လည်ခင်း ၂နာရီကနေ ညနေ ၅နာရီ အထိ တပတ် ၇ရက် အလုပ်လုပ်ရတယ်။ ဖျားတယ်နာတယ် ဆိုရင် လည်း ကိုယ့်စရိတ်ကိုယ်ခံပဲ။ ကိုယ် ဖျားနာလို့ အလုပ်မဆင်းနိုင်ရင် လုပ်ခမရဘူး။ တစ်နေ့လုပ်အားခ ယွမ် ၃၀ (၅၈၀၀ ကျပ်) ရတယ်။ အလုပ်ရှင်နဲ့ သဘောတူထားတဲ့ရက်မှ ပြန်ရင် အပြည့်ပေးမယ်လို့ပြောထားတော့ ကြားထဲမှာ လုပ်အားခတစ်ဝက်ပဲရတယ်။ တရုတ်အလုပ်ရှင်က ကျွန်တော်တို့ကို စောပြီး မပြန်စေချင်ဘူး။ ရဲတွေလာရင် အလုပ်ရှင်က သတိလှမ်းပေးတယ်။ အဲဒီအခါကျရင် သွားပုန်းနေရတယ်။ ဖရဲခြံနားမှာ ချိုင့်ကြီးတစ်ခုရှိတယ်လေ။ ရဲတွေပြန်သွားတဲ့အထိ အဲဒီ ချိုင့်ထဲမှာ ဝင်ပုန်းပြီး ခန္ဓာကိုယ်ပေါ်မှာ သစ်ရွက်တွေ၊ အကိုင်းအခက်တွေနဲ့ဖုံးထားရတယ်။"*

*(၁၉ နှစ်၊ အမျိုးသား ရွှေ့ပြောင်းအလုပ်သမား၊ မန္တလေးတိုင်း)*



ရွှေ့ပြောင်းအလုပ်သမားများ မြန်မာအစားအစာ ချက်ပြုတ်စားသောက်နိုင်သည့် လေဟာပြင်မီးဖိုချောင်

ဓာတ်ပုံ - ဂျွန်ဘောရတ်စ် (၂၀၁၉)၊ ယူနန်ပြည်နယ်

**၃. ထိုကဲ့သို့ အလွန်တန်ဖိုးထားရသည့် သွင်ပြင်လက္ခဏာများသည် လူမှုအဖွဲ့အစည်းတည်ဆောက်ပုံနှင့် ဥပဒေယန္တရားများကြောင့် ဖြစ်ပေါ်စေသည်။**

အခြားလုပ်သားနှင့်ယှဉ်လျှင် ဈေးပေါသော လုပ်အားခ၊ လိုအပ်သောရာသီတွင်သာ

အလုပ်ခန့်နိုင်ခြင်း နှင့် မလိုအပ်သောအခါ အလွယ်တကူ အလုပ်ထုတ်ပစ်နိုင်ခြင်း စသည်တို့သည် အဓိကလူမှုအဖွဲ့အစည်း တည်ဆောက်ပုံနှင့် ဥပဒေယန္တရားများနှင့် ချိတ်ဆက်နေသည်။ အတိအကျဆိုရလျှင် ၁) ရွှေ့ပြောင်းအလုပ်သမားကွန်ရက်ကြီး တည်ဆောက်နိုင်ရန်နှင့် ဆက်လက် လည်ပတ်နိုင်ရန် ပံ့ပိုးပေးနေသည့် တရားဝင်မှု မရှိခြင်းနှင့် တိကျရှင်းလင်းမှု မရှိခြင်း စသည့်အချက်များကြောင့်ဖြစ်သည်၊ ၂) ရွှေ့ပြောင်း အလုပ်သမားများအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ ၎င်းတို့၏ ကျေးရွာများတွင် ၎င်းတို့၏ အိမ်သားများလည်း ရှိနေသေး၍ လယ်မြေများလည်း လက်လှမ်းမီကာ အခြေတွယ်နေသေးသည့် အချက်ကြောင့်လည်းဖြစ်သည်။

## ၄. အရင်းရှင်များသည် အခြားသူများထံသို့ ဝန်ထုတ်ဝန်ပိုးများ နှင့် အဖိုးအခများကို ရွှေ့ထားနိုင်သည်။

ရွှေ့ပြောင်းလုပ်ငန်းကွန်ရက် အနေဖြင့် တရားဝင်မှုမရှိခြင်းနှင့် တိကျရှင်းလင်းမှုမရှိခြင်းကြောင့် အရင်းရှင်များအနေဖြင့် ဥပဒေဖြင့် ပြဋ္ဌာန်းထားသည့် တရားဝင်အနိမ့်ဆုံးလခပေးစရာမလိုပါ။ ထို့အပြင် အကျိုးခံစားခွင့်များနှင့် သင့်လျော်သော အလုပ်ပတ်ဝန်းကျင်လည်း ဖန်တီးပေးရန် မလိုပါ။ ထိုကဲ့သို့အခြေအနေများကြောင့် အလုပ်သမားရှာဖွေခြင်း၊ ကျေးရွာများနှင့် အလုပ်ရှိရာနေရာကြား အသွားအပြန် သယ်ယူပို့ဆောင်ပေးခြင်း၊ နေရာထိုင်ခင်း စီစဉ်ပေးခြင်း၊ လုပ်အားရောင်းသူနှင့် လုပ်အားဝယ်သူကြား အကျိုးဆောင်လုပ်ပေးခြင်းစသည့် ဝန်ဆောင်မှုများမှ အကျိုးအမြတ်ယူရန် အလုပ်ပွဲစားများသည် အလွှာတိုင်းတွင် အမြောက်အမြား ပေါ်ထွန်းနေကာ ချုပ်ကိုင်ထားကြသည်။

## ၅. ရွှေ့ပြောင်းအလုပ်သမားများကိုယ်တိုင်နှင့် ၎င်းတို့၏ ရပ်ရွာလူ့အဖွဲ့အစည်းများမှ အဖိုးအခ အများအပြားကို ထမ်းထားရသည်။

ရွှေ့ပြောင်းအလုပ်သမားများ အနေဖြင့် ၎င်းတို့သည် မြန်မာနိုင်ငံကျေးလက်ဒေသတွင် အခြေချနေသေးသောကြောင့် ၎င်းတို့လုပ်အား၏ အဓိကအဖိုးအခများ - မျိုးဆက်ပွားခြင်း၊ လုပ်အားအသစ် တစ်ဖန်အားဖြည့်ခြင်း၊ မိသားစု ပြုစုစောင့်ရှောက်ခြင်း (ကလေးထိန်းခြင်း၊ ကလေးများကျောင်းထားခြင်း စသဖြင့်)၊ ကျန်းမာရေးစောင့်ရှောက်မှုယူခြင်း၊ လူမှုဖူလုံရေးအထောက်အပံ့ယူခြင်း၊ ပင်စင်ယူခြင်း စသည့်ကိစ္စရပ်များကို မြန်မာနိုင်ငံရှိ ၎င်းတို့၏ အိမ်ထောင်စုများနှင့် ဒေသလူမှုအဖွဲ့

အစည်းများမှ ပုံစံအမျိုးမျိုးဖြင့် တာဝန်ယူရသည်။ ထို့အပြင် မြန်မာအစိုးရမှလည်း ကျန်းမာရေး စောင့်ရှောက်မှုနှင့် အခြား ပြည်သူ့ဝန်ဆောင်မှုများကို အတိုင်းအတာတစ်ခုထိပေးခြင်းဖြင့် ပံ့ပိုးပေးသည်။

## ၆. ဒေသတွင်ရှိသောမြေသည် နယ်စပ်ဖြတ်ကျော် ရွှေ့ပြောင်းအလုပ်သမားများအတွက် အရေးပါသော အရင်းအမြစ်တစ်ခုဖြစ်သည်။

စိုက်ပျိုးမြေရှိခြင်းသည် ရွှေ့ပြောင်းအလုပ်သမားများအတွက် အရေးပါလှသည် - ၁) ရွှေ့ပြောင်းလုပ်ငန်း ရာသီမရောက်ခင် စပ်ကြား ကာလတွင်လည်းကောင်း ၂) အလုပ် မှပင်ပန်းလာသောအခါ သို့မှဟုတ် ဖျားနာ သောကြောင့် ပြန်လည်ကျန်းမာရန် အနား ယူရမည့် အချိန်တွင်လည်းကောင်း၊ ၃) နောက်ဆုံးတွင် အရင်းရှင်များ၏ စွန့်ပစ်ခြင်းခံရ၍ ဝင်ငွေရရွှေ့ပြောင်းအလုပ်မှ အနားယူရန် လိုအပ်သောအချိန်များတွင် လည်းကောင်း မြေကို လိုအပ်သည်။

*"အခုအချိန်မှာ ဘာအလုပ်မှမရှိဘူး။ အရင်ကတော့ ပခုက္ကူပတ်ဝန်းကျင်မှာ အလုပ်မျိုးစုံလုပ်ဖူးတယ်။ အလုပ်ရှိတဲ့ နေ့ဆိုရင် တစ်နေ့ကို ၅၀၀၀ ကျပ် လောက်တော့ရတယ်။*



မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ် သမားများ ယူနန်ပြည်နယ်တွင် ကြံခုတ်နေပုံ
ဓာတ်ပုံ - ဂျွန်ဘောရတ်စ် (၂၀၁၉)၊ ယူနန်ပြည်နယ်

*မြေပဲဆွတ်ရတဲ့အလုပ်ဆိုရင် ရတာပိုနည်းတယ်။ တိရိစ္ဆာန်မွေးချင်ရင်လည်း အရင်းအနှီးမရှိတော့မရဘူးလေ။ အစိုးရက လယ်မြေရှိတဲ့သူတွေအတွက် ငွေချေး ပေးတယ်လို့ကြားတယ်။ ကျွန်တော့်မှာ လယ်က မရှိဘူး။ ကျွန်တော်တို့ အိမ်ငှား နေတယ်။ အိမ်ရှင်က ခြံထဲမှာရှိတဲ့ အသီး အနှံတွေ စားဖို့ ယူခိုင်းတယ်။ နိုဝင်ဘာလ အထိ ရောက်အောင်စောင့်နေတယ်။ ကပ်ရောဂါ ပြီးသွားဖို့ မျှော်လင့်တယ်။ အဲဒါမှ တရုတ်နိုင်ငံပြန်သွားပြီး ကြံခုတ်အလုပ် ပြန်လုပ်နိုင်မယ်လေ။ အခုတော့ ဘယ်လိုရပ်တည်ရမလဲ မစဉ်းစားတတ်သေးဘူး။”*

*(အသက် ၄၀ နှစ်၊ ရွှေ့ပြောင်းအလုပ်သမား၊ မကွေးတိုင်း)*



အလုပ်သမားအဖွဲ့ခေါင်းဆောင် သို့မဟုတ် ဘာသာပြန်သူ၏ အလုပ်သမားတစ်ဦးချင်းစီ၏ နေ့စဉ် ကြံခုတ်မှတ်တမ်း။

ဓာတ်ပုံ - ဂျွန်ဘောရတ်စ် (၂၀၁၉)၊ ယူနန်ပြည်နယ်

**၇. ယခုအခြေအနေများကြောင့် ကျွန်ုပ်တို့အနေဖြင့် ရွှေ့ပြောင်းအလုပ်သမားများ၏ အရေးကိစ္စဖြေရှင်းရန်အတွက် စဉ်းစားရာတွင် အကျိုးသက်ရောက်မှု အများအပြားရှိသည်။**

သို့သော်လည်း မည်သည့်အဖြေ ဆိုသည်မှာ ရှင်းလင်းစွာရှိနေမည်မဟုတ်ပါ။ ထို့အတွက် ရွေးချယ်မှုခက်ခဲသည့် အခြေအနေများ၊ စိန်ခေါ်မှု များကြုံရနိုင်ကာ ပြဿနာ အမျိုးအစားအသစ်များကို ကြုံလာရနိုင် ပါသည်။

**၈. စဉ်းစားရခက်မည့် အခြေအနေတစ်ခုသည် အလုပ်ဝန်းကျင် အခြေအနေများနှင့် ဆက်စပ်သည်။**

ရွှေ့ပြောင်းအလုပ်များကို တရားဝင် ဖြစ်စေရန်နှင့် တိကျရှင်းလင်းမှု ရှိစေရန် အရေးဆိုလျှင် အလုပ်အကိုင် ရှာဖွေရန် လိုအပ်သည့် ကုန်ကျစရိတ် ဝန်ပေါ့သွား နိုင်သည်။ အရင်းရှင်များအနေဖြင့်လည်း ၎င်းတို့၏ အလုပ်သမားများကို အနိမ့်ဆုံး အခြေခံလုပ်အားခစံနှုန်းအတိုင်း ပေးရမည်ဖြစ်ကာ အလုပ်သမားများ ခံစားခွင့်ရှိသည့် အကျိုးကျေးဇူးများ (ကျန်းမာရေး စောင့် ရှောက်မှု၊ ပင်စင်ပေးခြင်းစသဖြင့်) အတွက် ကျခံရမည်ဖြစ်သည်။ သို့သော် ထိုသို့ပြုလုပ်လျှင် ရွှေ့ပြောင်းအလုပ်သမားများအတွက် ကျခံရမည့်စရိတ်မှာ တက်သွားနိုင်ကာ အရင်း

ရှင်များအတွက် ထိုအလုပ်သမားများသည် ဆွဲဆောင်မှုရှိနိုင်တော့မည် မဟုတ်ပေ။ အကျိုးဆက်မှာ ရွှေ့ပြောင်း အလုပ်များ ရှားပါးလာခြင်း သို့မဟုတ် အချို့သော ရွှေ့ပြောင်းအလုပ်သမားများ အတွက် အလုပ်အခွင့်အလမ်းနည်းပါး လာမည် ဖြစ်သည်။

## ၉. နောက်စဉ်းစားရခက်သည့် အခြေအနေမှာ မြေလက်လှမ်းမီမှုနှင့် ဆက်စပ်သည်။

မြေယာမဲ့များနှင့် မြေယာဆင်းရဲသော မြန်မာနိုင်ငံကျေးလက်ဒေသရှိ လုပ်သားပြည်သူများအတွက် မြေအလုံအလောက်ပေးရန် အရေးဆိုခြင်းက ရွှေ့ပြောင်းအလုပ်သမား အရေအတွက်ကို များစွာ လျှော့ချနိုင်လိမ့်မည်ဟူ၍ လည်းကောင်း၊ ၎င်းတို့ကြုံတွေ့နေရသည့် ပြဿနာများ လျော့နည်းသွားမည်ဟူ၍ လည်းကောင်း ယူဆခြင်းမှာ ရည်ရွယ်ထားသကဲ့သို့ လက်တွေ့တွင်ဖြစ်ချင်မှ ဖြစ်လာပါလိမ့်မည်။ ထိုသို့မဟုတ်ဘဲ လက်ရှိရှိနေသည့် ရွှေ့ပြောင်းလုပ်သားများ ကြုံနေရသည့် အလုပ်အကိုင် အခက်အခဲများကို မပြေလည်စေဘဲ မရည်ရွယ်ပါဘဲ မျှော်လင့်ထားသည့်နှင့် ဆန့်ကျင်ကာ လက်ရှိအခြေအနေကိုပင် ပို၍ခိုင်မာလာစေနိုင်သည်။ မေးခွန်းမေးခဲ့သော ရွှေ့ပြောင်းအလုပ်သမား အများစုတွင် လယ်မြေရှိသော်လည်း မြေ တစ်ခုတည်းက ရှင်သန်ရပ်တည်နိုင်ရန် အနိမ့်ဆုံး အခြေအနေအတွက်ပင်လျှင် အာမခံချက် မရှိနေပါ။ အထူးသဖြင့် လယ်မြေလုပ်ငန်းများ ကောင်းမွန်စွာ အလုပ်ဖြစ်ရန် အခြေအနေများ (အခြေခံ အဆောက်အအုံ၊ မှုဝါဒ အထောက်အပံ့ စသဖြင့်) မရှိခြင်း၊ မထိန်းသိမ်းနိုင်ခြင်း တို့ကြောင့်ဖြစ်သည်။

*အခု ကျွန်မမှာ ပုံမှန်ဝင်ငွေမရှိဘူး။ မိသားစု စားဖို့အတွက်လောက်ပဲ ကျွန်မတို့ စပါး စိုက်ထားတယ်။ လက်ဖက်စိုက်ခင်းသေးသေးလေးတစ်ခုလည်း စိုက်ထားတယ်။ အခုစိုက်ထားတာထက်လည်း ပိုပြီးမစိုက်ချင်ဘူး။ ဈေးကတအားနည်းတယ်လေ။ ကျွန်မ တရုတ်ပြည်မသွားခင်ကဆို မှို၊ ပိန်းဥနဲ့ တောထဲကရတဲ့တခြားစားစရာတွေ ရောင်းခဲ့တယ်။ တရုတ်တွေပဲ အဓိကဝယ်တာ။ နောက်တော့ အပြင်ထွက် အလုပ်လုပ်ရင် ပိုကောင်းမယ်၊ ဝင်ငွေလည်းပိုရမယ်လို့ ကျွန်မနဲ့ ကျွန်မယောက်ျားက အဲဒီလိုတွေးခဲ့မိတယ်။ ဒီလိုနဲ့ တရုတ်ပြည်မှာရှိတဲ့ ကျွန်မတို့ အမျိုးတွေကို ဆက်သွယ်ပြီး တရုတ်ပြည်မှာ အလုပ်သွားလုပ်ခဲ့တာ။ ကျွန်မတို့သွားတော့ ကလေးတွေကို ကျွန်မအမေဆီမှာ ချန်ထားခဲ့တယ်။ ကိုယ့်ဇာတိမြို့မှာနေရတာ ကျွန်မ ပျော်တာ*

*ပေါ့။ ဒါပေမယ့် မိသားစုစားဝတ်နေရေး အတွက် ပုံမှန်ဝင်ငွေရဖို့ လိုတယ်လေ။ ကျွန်မကတော့ ဂိတ်တွေပြန်ဖွင့်မယ့် အချိန် ကိုစောင့်နေတယ်။ ဒီမှာက ပုံမှန်ဝင်ငွေ မရှိဘူး။ ဒါကြောင့်လည်း ကျွန်မအနေနဲ့ တရုတ်ပြည်ကိုပြန်သွားပြီး အလုပ်ထပ်လုပ် ဦးမှာ။*

*(၃၃နှစ်၊ လားဟူအမျိုးသမီးရွှေ့ပြောင်း အလုပ်သမား၊ ရှမ်းပြည်နယ်)*

*"ကျွန်မ ၁၃နှစ်လောက်ကတည်းက တရုတ် ဘက်မှ စအလုပ်လုပ်ခဲ့တယ်။ ရွာမှာ ဘာ အလုပ်မှမရှိဘူး။ ကျွန်မ မိဘတွေမှာ လယ် မြေရှိပေမယ့် ကျွန်မအစ်ကိုတွေ လုပ်ကိုင် နေတယ်။ ကျွန်မက မိန်းကလေးဆိုတော့ မြေ အမွေမရဘူးလေ။ ကျွန်မ အမ အကူအညီနဲ့ တရုတ်နိုင်ငံမှာ အလုပ် ရှာခဲ့တယ်။ အခုအိမ်ပြန်လာတာ ပတ်စ်ပို့ နဲ့ မှတ်ပုံတင်သက်တမ်းတိုးဖို့ပါ။ ကပ်ရောဂါ ကာလနဲ့ကလည်း တိုက်ဆိုင်နေတယ်။ အဲဒါကြောင့် အိမ်မှာပဲ အစိုးရနဲ့ တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့က ချထားတဲ့ စည်းကမ်းတွေအတိုင်း ကွာရန်တင်း ဝင်ခဲ့ ရတယ်။"*

*(၃၄နှစ်၊ တအာင်း အမျိုးသမီးရွှေ့ပြောင်း အလုပ်သမား၊ ရှမ်းပြည်နယ် (မြောက်))*

**၁၀. အသေချာဆုံးမှာ မြေမရှိသော ရွှေ့ပြောင်း အလုပ်သမားများ၏ အခြေ အနေသည် အဆိုးဆုံးဖြစ်သည်။**

၎င်းတို့အနေဖြင့် ရွေးချယ်ရန် ဘာမှမရှိဘဲ ရနိုင်သည့် မည်သည့်ရွှေ့ပြောင်း အလုပ်ကို မဆို အလျင်အမြန် ရှာဖွေလုပ်ကိုင်ရသည်။ ရွှေ့ပြောင်းအလုပ်ရှိရာသို့ ယခုအချိန် ပြန်သွားရာတွင်လည်း ပို၍အမြတ်ထုတ် မှုများ ကြုံနိုင်ရကာ အလုပ်ပွဲစားများကို ငွေပိုပေးရခြင်း၊ ရဲ အဖမ်းခံနိုင်ရခြင်း စသည့်အန္တရာယ်များလည်း ပိုကြုံနိုင် ရသည်။ ၎င်းတို့အနေဖြင့် ပိုများလာသော အကြွေးများအောက်တွင် ပို၍နစ်လာကာ အလုပ်ပြန်ဝင်ပြီး နောက်တကြော့ ထပ်ဆပ် ရတော့မည်ဖြစ်သည်။

**၁၁. ရွှေ့ပြောင်းအလုပ်သမားအများစု ကျေးလက်ဒေသမှ လာသည့်အချက်မှာ သာမန်တိုက်ဆိုင်မှုတစ်ခု မဟုတ်ပါ။**

မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများ နှင့်ပတ်သက်သည့် အစီရင်ခံစာများ၊ သုတေ သနများတွင် ရွှေ့ပြောင်း အလုပ်သမား အများစုသည် ကျေးလက်ဒေသမှ လာသည့် အချက်ကို ယေဘုယျအားဖြင့် လက်ခံ ကြသည်။ ယခုသုတေသနကမူ အဘယ် ကြောင့် ထိုကဲ့သို့ ကျေးလက်မှ အများစု ဖြစ်နေရသနည်း၊ ယခုကဲ့သို့ ဖြစ်နေရသည်

မှာ သမိုင်းကြောင်းပေါ်မှ သာမာန်တိုက်ဆိုင်မှုတစ်ခု မဟုတ်ကြောင်း ဖော်ပြထားသည်။

**၁၂. အကြောင်းရင်းတစ်ခုမှာ ကျေးလက်ဒေသရှိအိမ်ထောင်စုများနှင့် ဒေသခံ လူမှုအဖွဲ့အစည်းများ ပါဝင်နေသော အဓိကအခန်းကဏ္ဍတစ်ခုနှင့် ဆက်စပ်သည်။**

အထက်တွင် အကျဉ်းရုံး ဖော်ပြခဲ့သည့်အတိုင်း ကျေးလက်ဒေသမှ ပေါ်ထွက်လာသည့် ရွှေ့ပြောင်းလုပ်သားများသည် လုပ်သားထုထဲ ပြန်လည်ရောက်ရှိရန် စရိတ်ကို ကိုယ်တိုင် ကျခံခြင်း၊ အခြေခံဖူလုံသည့် အစားအစာထုတ်လုပ်ခြင်း၊ လူမှုဘဝစောင့်ရှောက်မှုရယူခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူခြင်း (အလွန်ပင်ပန်းသည့်အချိန် သို့မဟုတ် ထိခိုက်ဒဏ်ရာရသည့်အခါတွင် ပြန်လည် ထူထောင်ရန်လိုအပ်သည့် စရိတ်ကျခံခြင်းအပါအဝင်) စသည်တို့ကို ကိုယ်ထူကိုယ်ထ တာဝန်ယူကြရသည်။ ယေဘူယျအားဖြင့် အိမ်ထောင်စု၊ မိသားစု နှင့် ဆွေမျိုးအသိုင်းအဝိုင်းများမှ လူမှုရေး တာဝန်များကို ကျေးလက်ဒေသရှိ ရွာများတွင် ဆောင်ရွက်ကြသည်။ အချို့သော အခြေအနေများတွင် ရွှေ့ပြောင်းအလုပ်သမားများ အနေဖြင့် အိမ်ထောင်တာဝန်၊ လူမှုရေးတာဝန်များကို ၎င်းတို့အတွက် လုံခြုံစိတ်ချရသည့် အလုပ်ဝန်းကျင် မဟုတ်သည့် အခြေအနေမျိုးတွင်ပင် တာဝန်ယူနိုင်အောင် ကြိုးစား ကြရသည် - ဥပမာ ကလေးထိန်းတာဝန်။

*"ကျွန်တော့်မျက်လုံးတွေက သိပ်မကောင်းတော့ဘူး။ ဒါကြောင့် ဆေးခန်းခဏခဏ သွားရတယ်။ တချိန်တည်းမှာပဲ ကြံခုတ်နေတုန်း ကျွန်တော့လက်ထိသွားတယ်။ ဟိုမှာက ဆေးကုဖို့ ခက်တယ်။ ဒါကြောင့် အိမ်ပြန်လာခဲ့တာ။ အလုပ်မှာ အခုလိုဖြစ်ခဲ့ပေမယ့် အလုပ်ရှင်က ဘာမှလုပ်မပေးဘူး။ ဒီလိုဖြစ်လို့ အလုပ်မလုပ်နိုင်တဲ့နေ့တွေအတွက်လည်း နေ့စားခမပေးဘူး။ အဲဒါကြောင့်ပဲ အိမ်ပြန်လာဖို့ ဆုံးဖြတ်လိုက်တယ်။ ကြံခုတ်ရာသီက မေလမှာကုန်တယ်။ အဲဒါကြောင့် အလုပ်ရှင်က ကျွန်တော့ ရရမယ့် လုပ်ခအပြည့်မပေးဘူး။ သုံးပုံတစ်ပုံပဲပေးတယ်။ အဲဒီပိုက်ဆံတွေကို သုံးပြီးတော့ပဲ ဆေးပြန်ကုနေရတယ်။ " (၃၀နှစ်၊ အမျိုးသား ရွှေ့ပြောင်းအလုပ်သမား၊ မကွေးတိုင်း)*

*"ကျွန်တော်တို့မှာ လယ်မြေ ၅ဧက လောက်တော့ မိဘတွေဆီကရထားတာရှိတယ်။ အရင်က အဖေအမေ တို့ရဲ့ လယ်က ဒီထက်ပိုကြီးတယ်။ ၁၉၉၀ နှစ်ပိုင်းမှာ စစ်တပ်က ရွာသားတော်တော်များများရဲ့*

မြေတွေ သိမ်းလိုက်တယ်။ ရထားတဲ့ လယ်မှာ ကျွန်တော့်အမျိုးသမီးနဲ့အတူတူ ပဲတို့ စပါးတို့ မျိုးစိုက်တယ်။ နှစ်တော်တော်များများကတော့ ဘာအမြတ်မှမရဘူး။ ကံကောင်းတဲ့နှစ်ဆိုရင်တောင် တစ်နှစ်လုံးရတဲ့ အမြတ်ငွေက တရုတ်နိုင်ငံ မှာလုပ်ရင်းရနိုင်တဲ့ တစ်လဝင်ငွေလောက် ပဲရှိတယ်။ ဒါကြောင့် တရုတ်ဘက်ကို ၂၀၁၈ ကစပြီး ဇန်နဝါရီလကနေ မေလလောက် အထိ ကြံခုတ်ဖို့သွားတယ်။ အဲဒါပြီးရင် ရွာပြန်လာပြီး လယ်အလုပ်ပြန်လုပ်တယ်။ ကိုယ့်လယ်ကထွက်တာကတော့ အိမ်စားလောက်ပဲပေါ့။ ကျွန်တော် ထန်းပင် လည်း တက်တယ်။ သူ့ရာသီ ဖေဖော်ဝါရီလ နဲ့ ဇူလိုင်လကြားမှာပေါ့။ နိုဝင်ဘာလ ပြန်ရောက်လာရင် ကျွန်တော် တရုတ်ဘက်ကို အလုပ်လုပ်ဖို့ ပြန်သွားတယ်။ တခြား အနီးအနားရွာက လူတွေ တော်တော်များများလည်း တရုတ်ဘက်သွားကြတယ်။ အသက်ကြီးသူနဲ့ ကလေးတွေလောက်ပဲ ကျန်တယ်။ တော်တော်များများ သူတို့ ကလေးလေးတွေကို အတူခေါ်သွားတာ လည်း ရှိတယ်။"

(၃၀ နှစ်၊ အမျိုးသား ရွှေ့ပြောင်းအလုပ်သမား၊ စစ်ကိုင်းတိုင်း)

"ကျွန်မအမျိုးသားနဲ့ အတူ ရာဘာခြံမှာ ၃ နှစ် လောက်အလုပ်လုပ်ခဲ့တယ်။ အလုပ်လုပ်နေရင်းနဲ့ အရမ်းဖျားလာလို့ ရွာပြန်လာပြီး ရန်ကုန်မှာဆေးကုရတယ်။ ပြန်ကောင်းလာတော့ ထိုင်း ပြန်သွားတယ်။ အခက်အခဲ ဖြစ်ခဲ့ တာတစ်ခုက ကျွန်မမှာ ပတ်စ်ပို့ ရှိပေမယ့် အမျိုးသားက မရှိဘူးလေ။ ကိုယ်ဝန်ရလာတော့ ကလေးမွေးဖို့အတွက် ကိုယ့်ဘာသာ မြန်မာနိုင်ငံဘက် ပြန်လာမွေး ရတယ်။ ရာဘာရာသီကုန်ရင် အမျိုးသားက ခြံရှင်းတယ်။ တစ်နေ့ဘတ် ၂၀၀-၃၀၀ ကြားရတယ်။ ကျွန်မကတော့ အနီးအနား ကအိမ်တွေ အလှူပွဲတွေ လုပ်ရင် ပန်းကန်ဆေး၊ အဝတ်လျှော်၊ တခြား သန့်ရှင်းရေး အလုပ်တွေ လုပ်တယ်။ ကျွန်မတို့ သမီး လေးက ၂ နှစ်ရှိပြီ။ ကပ်ရောဂါကာလ ဆိုတော့ ခြံထဲမှာပဲ နေတယ်။ ဒီမတိုင်ခင်ကတော့ သမီးလေးကို ရွာပြန်ပို့မလို့ပဲ။ လမ်းတွေကပိတ်ထားတော့ ပို့လို့မရဘူး။ အခုတော့ မိုးရာသီဆိုတော့ ကျွန်မသမီး ငှက်ဖျား၊ သွေးလွန်တုပ်ကွေးဖြစ်မှာ စိုးရိမ်တယ်။ ပြီးတော့ ရာဘာခြစ်တဲ့အချိန် သမီးကို တစ်ယောက်ထဲထားခဲ့ဖို့ စိတ်မချဘူး။ အဲဒီတော့ ကလေးကိုပါခေါ်ခဲ့တယ်။ ကျွန်မမြင်နိုင်တဲ့ နေရာမှာ ကလေးကို ခွေးနဲ့ ထားပြီး အလုပ်လုပ်ရတယ်။ " (၂၈နှစ်၊ အမျိုးသမီး ရွှေ့ပြောင်းအလုပ် သမား၊ မွန်ပြည်နယ်)



နွားလှည်း၊ မြန်မာနိုင်ငံအပူပိုင်းဇုန်ဒေသတစ်နေရာ

ဓာတ်ပုံ - ဂျွန်ဘောရတ်စ် (၂၀၁၉)

**၁၃. အခြားအကြောင်းရင်းတစ်ခုမှာ ကျေးလက်နေအလုပ်သမားပြည်သူများ၏ ဘဝကို ပိုမွန်းကျပ်စေသည့် အခြေအနေများနှင့် ဆက်စပ်နေသည်။**

ကျေးလက်ဒေသ၏ ဆင်းရဲမွဲတေမှု ပမာဏနှင့် အတိုင်းအတာကြောင့် ကျေးလက်နေအလုပ်သမားပြည်သူများ - တောင်သူများ၊ တနိုင်တပိုင် တိရိစ္ဆာန်မွေးမြူသူများ၊ အသေးစားငါးလုပ်ငန်း လုပ်ကိုင်သူများ၊ မြေယာမဲ့ အလုပ်သမားများ - စသည်တို့အပေါ် ရွှေ့ပြောင်း အလုပ်လုပ်ကိုင်ရန် ငြင်းဆန်၍မရသည့် တွန်းအားဖြစ်စေသည်။ အများအားဖြင့် ရွေးချယ်မှုကြောင့် မဟုတ်ဘဲ ၎င်းတို့၏ ဘဝလိုအပ်ချက် တွန်းအားကြောင့် ထိုအလုပ်လုပ်ရခြင်း ဖြစ်သည်။

*"ကပ်ရောဂါကြောင့် အိမ်ပြန်ခဲ့တယ်။ ဒါပေမယ့် ရွာနဲ့အနီးအနားမှာ ဘာအလုပ်မှ ပုံမှန်မရှိဘူး။ ကျွန်မတို့အတွက် စားဝတ်နေရေးခက်ခဲတယ်။ ကျွန်မမိဘတွေက ဆင်းရဲတယ်။ လယ်မြေလည်း မပိုင်ပါဘူး။ အရင်က တခြားလူဆီက မြေငှားပြီး တောင်ယာစိုက်တယ်။ ဒါပေမယ့် အထွက်အရမ်းနည်းတယ်။ လယ်မြေလည်း မဝယ် နိုင်ဘူး။ ဒါကြောင့် ကျွန်မကတော့ မိသားစု အတွက် တဖက်နိုင်ငံကို ပြန်ကိုသွားပြီး အလုပ်လုပ်ရမယ်။ ကပ်ရောဂါငြိမ်သွားပြီး လမ်းတွေပြန်ပွင့်ရင် ကျွန်မကလေးတွေကို အမေနဲ့ထားခဲ့ပြီး ယောကျာ်းနဲ့ တရုတ်ဘက် ပြန်သွားမယ်။"*

*(၂၅နှစ်၊ ကချင်အမျိုးသမီး ရွှေ့ပြောင်းအလုပ်သမား၊ ရှမ်းပြည်နယ်)*

**၁၄. မြန်မာနိုင်ငံမှ နယ်စပ်ဖြတ်ကျော် ရွှေ့ပြောင်းအလုပ်သမားများကို ကူရာမဲ့သူများ၊ ဘာမှမစွမ်းသည့်သူများအဖြစ် မြင်ခြင်းသည် မှားယွင်းသည့် အယူအဆဖြစ်သည်။**

အလုပ်ရှိရာနေရာနှင့် ၎င်းတို့၏ လူမှုဘဝရှင်သန်ရာနေရာကြား အခြေအနေများကို ရွှေ့ပြောင်းအလုပ်သမားများ ကိုယ်တိုင်သေချာတွက်ချက်ကာ ပုံဖော်လေ့ရှိသည်။ ရွှေ့ပြောင်းလုပ်ငန်းဖြစ်စဉ် ဟူသော ဇာတ်စင်ကြီးပေါ်တွင် ကူကယ်ရာမဲ့ မလုပ်တတ်

မကိုင်တတ်သော သားကောင်များ မဟုတ်ပါ။ ၎င်းတို့သည် တွက်ချက် တွေးဆကာ အခြေအနေများကို ရင်ဆိုင်ဖြေရှင်းတတ်ကြသည်။ ထိုသို့ ကိုယ်တိုင်ကိုယ်ကျဆုံးဖြတ်ဆောင်ရွက်မှုများဖြင့် ၎င်းတို့ကိုယ်တိုင် ရွှေ့ပြောင်းလုပ်ငန်း ဇာတ်စင်ကြီး၏ အစိတ်အပိုင်းများကို ပုံဖော်သွားကြသည်။

*"ကျွန်မတို့ အလုပ်လုပ်တဲ့စက်ရုံက ပင်စင်ထောက်ပံ့ကြေးယူခဲ့ပြီး မြန်မာပြည်ကို မတ်လမှာပြန်လာခဲ့တယ်။ အဲဒီအချိန်မှာ COVID-19 က ထိုင်းမှာ စဖြစ်ခါစပေါ့။ ထိုင်းမှာ နှစ်အကြာကြီး စုဆောင်းလာတဲ့ ငွေတွေ၊ ပင်စင်ငွေတွေရှိခဲ့ပေမယ့် အခုတော့ ငွေအနည်းငယ် နဲ့ လက်ဝတ်ရတနာရွှေ တစ်ကျပ်သားလောက်ပဲ ကျန် တယ်။ ကလေးတွေ ပညာရေးစရိတ်တွေ ထောက်နိုင်ခဲ့တယ်။ နောက် သားကြီး ဆိုင်ကယ်ပြင်ဆိုင်လေး ဖွင့်နိုင်ဖို့ ကူပေးနိုင် ခဲ့တယ်။ ဒုတိယသားက ငယ်သေးတယ်။ ကျွန်မတို့ လယ် ၅ဧကလောက် ပိုင်တယ်။ ဒါပေမယ့် အသက်ကြီး လာတော့ လယ်လုပ်ဖို့ဆိုရင် အရမ်းပင်ပန်းတယ်။ ဖြစ်နိုင်ရင် ကိုယ့်အိမ်မှာပဲ ဘာသာရေးလုပ်ပြီး အချိန်ကုန်ချင်တယ်။ ဒါပေမယ့် မိသားစုရပ်တည်ရေး အတွက် စိတ်ပူရသေးတယ်။ သားငယ်ရဲ့ ပညာရေးကလည်း ရှိသေးတယ်လေ။"*

*(၅၇နှစ်၊ အမျိုးသမီး ရွှေ့ပြောင်းအလုပ်သမား၊ မွန်ပြည်နယ်)*

**၁၅. COVID-19 ကပ်ရောဂါမတိုင်မီကပင် ကျေးလက်နေ အလုပ်သမားပြည်သူများသည် စိုက်ပျိုးရေးကဏ္ဍတွင် စွဲကပ်နေသော ကပ်ရောဂါဒဏ်ခံခဲ့ရပြီး ဖြစ်သည်။**

စိုက်ပျိုးရေးကဏ္ဍ အကျပ်အတည်းအား ရှုမြင်သည့် နည်းလမ်းအမျိုးမျိုးရှိသည်။ မြေနှင့်လုပ်အား ကုန်ထုတ်စွမ်းအား ကျဆင်းလာခြင်းက မြန်မာနိုင်ငံ ကျေးလက်ဒေသများတွင် နေရာတိုင်းလိုလို တွေ့မြင်နေရသော အမှတ်အသားတစ်ခု ဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော အခြေပြုစိုက်ပျိုးရေး၊ ငါးလုပ်ငန်းစသည့် ကဏ္ဍများတွင် အခြေခံ အဆောက်အအုံ မရှိခြင်းကြောင့် ထုတ်လုပ်မှု၊ သိုလှောင်မှု၊ သယ်ယူ ပို့ဆောင်ရေး နှင့် ထုတ်ကုန်များကို ဈေးကွက်တင်သွင်းခြင်း စသည်တို့တွင် သေချာစွမ်းဆောင်နိုင်မှု မရှိခြင်းကြောင့် ကျေးလက်နေပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေသည့် အသက်မွေးဝမ်းကြောင်းများမဖြစ်နိုင်တော့ပါ။

**၁၆. ယခုကဲ့သို့ အကျပ်အတည်းများ အဘယ့်ကြောင့် ဖြစ်လာရသည်၊ ထို အကျပ်အတည်းများမှ မည်သို့လွတ်**

**မြောက်အောင် ဆောင်ရွက်နိုင်ကြသည် အစရှိသည်တို့ကို အဖြေရှာရာတွင် လက်ရှိလွှမ်းမိုးနေသော အယူအဆများကို စောဒကမတက်ဘဲ မသိလိုက်မသိဘာသာ လက်ခံမိနေခြင်းမှာလည်း ပြဿနာတစ်ခုပင် ဖြစ်သည်။**

ဥပမာအားဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသရှိလယ်မြေများ အတွက် ရေ ရရှိရန် အရေးကိစ္စဖြစ်သည်။ ရွာသူရွာသားများအနေဖြင့် မိုးရေလုံလောက်စွာ မရရှိခြင်းကြောင့် လယ်မြေများ ထွက်နှုန်းမကောင်းဟု ဆိုကြသည်။ သို့သော်လည်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသ တော်တော်များများတွင် လုံလောက်စွာရပ်တည်ရှင်သန်နိုင်မှုမရှိသောကြောင့် ပြည်ပတွင် အလုပ်သွားလုပ်သော မိသားစုဝင်များမှ ပြန်ပို့သောဝင်ငွေဖြင့် တစိတ်တပိုင်းထောက်ပံ့ကာ ဆက်လက်တည်ရှိနေသော ဒေသခံများ၏ လယ်မြေများသည် ချမ်းသာကြွယ်ဝသော အရင်းရှင်များ၏ လယ်မြေများ၊ မွေးမြူရေး ခြံကြီးများ (တရုတ်ရင်းနှီးမြှုပ်နှံမှုအပါအဝင်) တို့နှင့် ဘေးချင်းကပ်လျက်ရှိနေပါသည်။ အစိုးရအနေဖြင့် ၁) စိုက်ပျိုးရေး အခြေခံအဆောက်အအုံအား ခေတ်မီအောင် ပြုလုပ်ခြင်း၊ ၂) တောင်သူများကို ကုန်ပစ္စည်းတန်ဖိုးကွင်းဆက်ထဲသို့ ထည့်သွင်းခြင်း စသည်တို့ကို ရှေ့ဆက်မည့်အစီအစဉ်အနေဖြင့် တွန်းလျှက် ရှိသည်။ သို့သော်ထိုကဲ့သို့ ဖြေရှင်းမှုများကြောင့် ဘေးဖယ်ခံလိုက်ရခြင်းများ သို့မဟုတ် အားကြီးသူ၏ ဝါးမျိုခြင်းကို ခံလိုက်ရခြင်းများ ဖြစ်ပေါ်လာနိုင်ပါသည်။

*"ကိုယ်ပိုင်မြေ ၃ ဧကခွဲလောက်ကို ဘိုးဘွားအမွေအနေနဲ့ရှိပါတယ်။ အဲဒီယာမြေတစ်ခုလုံးမှာ သနပ်ခါးပင်တွေ စိုက်ထားတယ်။ ဒါပေမယ့် သနပ်ခါးအတွက် ဈေးကွက်မရှိဘူးဗျ။ သက်တမ်းရင့် သနပ်ခါးပင်ဖြစ်ဖို့ဆိုတာ အချိန် ၁၅ နှစ်၊ နှစ် ၂၀ ပေးရတယ်။ ဒါတောင်မှ ခင်ဗျားအနေနဲ့ ခရီးသွားလာစရိတ်တွေဖယ်လိုက်ရင် သနပ်ခါး တစ်ပင်တစ်ပင်ကို ငွေကျပ် (၂၀၀၀) ပဲရတယ်ဗျာ။ သနပ်ခါးပင်တွေ အကုန်လုံး ခုတ်နုတ်ပြီးရင်လည်း ထွန်ယက်စိုက်ပျိုးဖို့က အရမ်းခက်တယ်။ တစ်ခြားလူတွေ ပြောင်းနဲ့နှမ်း စိုက်တာရှိတယ်။ မြေအများစုကတော့ လွတ်နေတာ၊ ဘာမှမစိုက်ဘူး။ မိုးရေလည်းမရဘူး၊ ပိုးကလည်းများတယ်လေ။ တော်တော့်ကိုခက်ခဲပါတယ်။ ကျွန်တော်မှမဟုတ်ဘူး။ ကျွန်တော်တို့ရွာက လူအများစုကလည်း ဒီအခြေအနေကို ကြုံနေရတာ။ အိမ်မှာရှိသမျှ လူအကုန် အလုပ်လုပ်မှ ထမင်းစားရတယ်။ လက်ရှိမှာတော့ ကျွန်တော့်မှာ ဝင်ငွေမရှိဘူးဗျ။ နိုဝင်ဘာလအထိ စောင့်ရ*

*ဦးမယ်။ အဲဒီအချိန်မှာ ကြံခုတ်ဖို့ တရုတ်ပြည် ပြန်သွားလို့ရပါစေပေါ့ဗျာ။ ဆုတောင်းနေရတာပဲ။ ''*

*(၃၈နှစ်၊ အမျိုးသား ရွှေ့ပြောင်းအလုပ်သမား၊ မကွေးတိုင်း)*

**၁၇. စိုက်ပျိုးရေးအခြေခံအဆောက်အအုံများသည် အကျပ်အတည်းဖြေရှင်းရန် အဓိကကျသည်။ သို့သော် လူအချို့အတွက် သာ မဖြစ်သင့်ပါ။**

ယနေ့ထိတိုင် အစိုးရ၏ ဆောင်ရွက်ချက်များသည် ခွဲခြားမှုများရှိခဲ့သည် - အရင်းရှင်ကြီးများ၏ ခေတ်မီသောလယ်မြေများ၊ မွေးမြူရေးခြံများတည်ဆောက်ရန် အစီအစဉ်များရေးဆွဲခြင်း၊ ပံ့ပိုးမှုပေးခြင်း စသည်တို့ ဆောင်ရွက်ကာ ထိုလုပ်ငန်း အစီအစဉ်များတွင်ပါဝင်ရန် မတတ်နိုင်သောသူ အမြောက်အမြားကို ချန်ထားခဲ့သည်။ လယ်ယာ မြေများအပေါ် ခေတ်မီသည့် စွမ်းဆောင်မှုများ လုပ်ဆောင်နိုင်ရန်ဟု ဆိုကာ ပမာဏကြီးသော ပြည်သူဘဏ္ဍာငွေများကို ကြီးမားသော ခေတ်မီဆည်မြောင်းများ သွယ်တန်းခြင်း၊ ထိုနှင့်အတူ ငွေထုတ်ချေးခြင်းစသည်တို့ကိုသာ အဓိကထား ဆောင်ရွက်သောကြောင့် တောင်သူလယ်သမား လက်တဆုပ်စာနှင့် ကုန်သည်များ၊ ကန်ထရိုက်တာများ၊ ငွေတိုးချေးစားသူများ သာ အကျိုးခံစားခွင့်ရသည်။

*“၁၉၉၀ ခုနှစ်ကတည်းက လယ်ယာစိုက်ပျိုးရေးအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုခဲ့ပါတယ်။ အဲဒီတုန်းက စစ်အစိုးရကနေ လယ်ယာမြေ သီးစားချထားရေး ဥပဒေနဲ့ တောင်သူလယ်သမားတွေအတွက် ချေးငွေ၊ ဓါတ်မြေဩဇာနှင့် မျိုးစပါးတချို့ထောက်ပံ့ပြီး၊ ကိုယ့်မြေကနေ စပါးထွက်နှုန်းဘယ်လောက် ထွက်ပါစေ အစိုးရ စပါးဝယ်ဒိုင်ဆီကို တစ်ဧကမှာ စပါး (၁၂) တင်းကို အစိုးရဈေးနဲ့ ပြန်သွင်းရပါတယ်။ ကျွန်မတို့ မြေနေရာက ပင်လယ်နဲ့ နီးတာကြောင့် ရေငံတွေဝင်လို့ မိုးစပါးထဲပဲ စိုက်ရတယ်။ နွေမှာ ရေခန်းလို့၊ ရေခက်ခဲလို့ မစိုက်ပျိုးနိုင်ပါ။ ရေကြီးတဲ့နှစ်တွေ ဖြစ်ပြန်ရင်လည်း မိုးစပါးတွေ ပျက်စီးကြတယ်။ မိသားစုကလည်း အစိုးရဆီကနေ ချေးငွေနဲ့ စပါးစိုက်ပျိုး နေရတာကြောင့် တစ်နှစ်ထက်တစ်နှစ် အတိုးတွေ ပြန်မဆပ်နိုင်တော့ပါ။ နောက် စပါးစိုက်ပျိုး မရချိန်တဲ့ အချိန်တွေမှာ ကျပန်းအလုပ် လုပ်ပေမယ့် စားဝတ်နေရေး ဘယ်လိုမှ အဆင်မပြေခဲ့ဘူး။ ၁၉၉၉ ခုနှစ်မှာ အကြွေးတွေ ဆပ်နိုင်ဖို့ လင်မယား နှစ်ယောက် ထိုင်းနိုင်ငံ ကန်ချနပူရီ (မွန်အများဆုံးရှိသည့်နေရာ)ကို ဆွေမျိုးထဲက ထိုင်းပွဲစား*

*ကို ကျောကုန်းအပေါင်ခံပြီး ထွက်ခဲ့ပါတယ်။ တချို့ပွဲစားတွေက သူတို့ခေါ်လာတဲ့လူတွေရဲ့ တစ်နှစ်တာ၊ နှစ်နှစ်တာ လုပ်အားခကို သူဌေးတွေဆီ အပြီးပိုင်ရောင်းစားပေးလိုက်တဲ့သဘောနဲ့ လုပ်အားခ ကြိုတင်ထုတ်ယူထားလိုက်ကြပါတယ်။ ကျွန်မတို့ ကန်ချနပူရီမြို့နယ်က တောရွာတစ်ရွာက ထိုင်းသူဌေး တစ်ယောက်ရဲ့ ဟင်းသီးဟင်းရွက် စိုက်ခင်းမှာ တစ်ရက်အတွက် ဘတ် ၃၀ နဲ့ အလုပ်စဝင်ခဲ့ပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ခင်း မှာ ၂ နှစ်နှစ်လောက် အလုပ်လုပ်ခဲ့ပြီး ထိုင်းပွဲစားရဲ့ အကြွေးကြေသွားပေမယ့် ဘယ်လိုမှ စုမိဆောင်းမိဖို့ မဖြစ်လာခဲ့ဘူး။ ရွာက အကြွေးတွေကို မဆပ်နိုင်သလို အဲဒီကနေအတိုးတွေက ပိုတိုးလာတာပဲ ရှိခဲ့ပါတယ်။" (၅၇နှစ်၊ အမျိုးသမီး ရွှေ့ပြောင်းအလုပ်သမား၊ မွန်ပြည်နယ်)*

**၁၈. ဈေးကွက်သည် အကျပ်အတည်းဖြေရှင်းရန် အဓိကကျသော်လည်း ခေါင်းပုံဖြတ်မှုရှိလျှင် ပို၍ဆိုးဝါး စေသည်။**

တောင်သူငယ်များအား အစီအစဉ် ပုံစံအမျိုးမျိုးဖြင့် ကုန်ပစ္စည်းတန်ဖိုး ကွင်းဆက်ယန္တရားအတွင်းသို့ ထည့်သွင်းရန် အစိုးရ သို့မဟုတ် ပုဂ္ဂလိကကဏ္ဍမှ အားပေးမြှင့်တင်ခြင်းအားဖြင့် ခေါင်းပုံဖြတ် အမြတ်ထုတ်မှု ဖြစ်စေနိုင်သည်။ ဆင်းရဲသောတောင်သူများအနေဖြင့် ၎င်းတို့၏ မြေအသုံးပြုမှုနှင့် ထုတ်လုပ်မှုစနစ်အပေါ် ဆုံးဖြတ်ချက်ချနိုင်မည့် လွတ်လပ်မှု ဆုံးရှုံးသွားနိုင်ကာ ပို၍များပြားသော အကြွေးနွံနစ်သွားနိုင်သည်။ ထိုမှတဆင့် အဆုံးသတ်တွင် ၎င်းတို့၏ မြေများကို ငွေတိုးချေးစားသူများနှင့် ကုန်သည်များမှ သိမ်းယူသွားနိုင်မည် ဖြစ်သည်။

*"ရွာမှာ ကျွန်မကိုယ်ပိုင်မြေတွေရှိပါတယ်။ မိုးရာသီရောက်ရင် တခြားသီးနှံတွေထက် ဈေးပိုရတဲ့ ဘိန်းပင်စိုက်တယ်။ တောင်ပေါ်မှာဆိုတော့ ပိုအဆင်ပြေတယ်လေ။ သွားရေးလာရေးကတော့ ခက်တယ်။ နှစ်တိုင်း ဘိန်းစိုက်ခင်းတွေကို ရဲတွေလာ ဖျက်စီးလိုက်တယ်။ အဲတော့ ကျွန်မရှိတာ အကုန်ဆုံးသွားတယ်။ အကြွေးတွေလည်း အများကြီးတင်သွားတယ်။ တခြားသီးနှံ စိုက်လည်း မစိုက်တတ်ဘူး။ အရင်းအနှီး လည်းမရှိဘူး။ ၂၀၀၉ မှာတုန်းက တခြားသူဆီကိုမြေငှားပြီး ကြက်သွန်စိုက်တယ်။ ဝယ်တဲ့သူမရှိတော့ အကုန်ဆုံးသွားတယ်။ ထောပတ်ပင်စိုက်ဖို့လည်း မြေကအဲဒီလောက်မကျယ်ဘူး။ ကျွန်မမိသားစုအတွက် ဘယ်လိုမှ ဝင်ငွေမလောက်ဘူး။ အဲဒါကြောင့် ထိုင်းကိုထွက်လာလိုက်တာ။*

*ဒီမှာ ၂နှစ်လောက်ရှိပြီ။ ကပ်ရောဂါ မဖြစ်ခင်က အားလုံးအဆင်ပြေပါတယ်။ အခုတော့ ဈေးဝယ်လည်း နာခေါင်း စည်း တပ်ရတယ်။ ဝင်ငွေလည်း ထိခိုက်တယ်။ အနည်းအကျဉ်း ဆိုးရွားတာဆိုရင်တော့ နှာခေါင်းစည်း ဝယ်တပ်ရတယ်။ ဆိုးရွားမှု ကြီးဆိုရင်တော့ အလုပ်မရှိတော့တာပေါ့။ ဒါပေမယ့် မြန်မာနိုင်ငံမပြန်ဘူး။ ထိုင်းမှာပဲ ဆက်နေဖြစ်တယ်။ "*

*(၃၄နှစ်၊ ပအိုဝ်းအမျိုးသမီး ရွှေ့ပြောင်း အလုပ်သမား၊ ရှမ်းပြည်နယ်)*

**၁၉. စိုက်ပျိုးရေးကဏ္ဍအကျပ်အတည်း အား ဖြေရှင်းရန် အလွန်အရေးတကြီး လိုအပ်နေပါသည်။ သို့သော်လည်း ထိုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့်သာ ရွှေ့ပြောင်းအလုပ် သမားများ ကြုံတွေ့ရသည့် အခက်အခဲ များကို ဖြေရှင်းရန် မလုံလောက် သေးပါ။**

ရွှေ့ပြောင်းအလုပ်သမားများ ယခုကြုံတွေ့ရ သည့် အခက်အခဲ ပြဿနာများကို အပြည့် အဝဖြေရှင်းရန်အတွက်မှာမူ ပြည်သူအား လုံးအပေါ် လွှမ်းခြုံမှုရှိသော ဆောင်ရွက် ချက်များ လိုအပ်သည်။ ထိုအတွက် မြေ၊ လုပ်အား၊ အရင်းအနှီးနှင့် နည်းပညာ စသည်တို့ တစ်ခုနှင့်တစ်ခု မည်ကဲ့သို့ ချိတ်ဆက်မှုရှိနေသည်၊ လက်ရှိဆောင်ရွက် နေသော သို့မဟုတ် ဆောင်ရွက်ရန်ရှိသော အစီအစဉ်များအနေဖြင့် ကျေးလက်နေ အလုပ်သမားပြည်သူများ၏ ဘဝရှင်သန်မှု နှင့် အသက်မွေးဝမ်းကြောင်းများကို မည်ကဲ့ သို့ ဖျက်ဆီးနေသည် သို့မဟုတ် ပို၍ ကောင်းမွန်စေသည်ကို စနစ်တကျလူမှု အဖွဲ့အစည်းတစ်ခုလုံး ခြုံငုံကြည့်ကာ ထိုအပေါ်အခြေခံရမည်ဖြစ်သည်။

**၂၀. ဒီမိုကရေစီစံနှုန်းအခြေခံသည့် မြေ လက်လှမ်းမှီမှုနှင့် စီမံခန့်ခွဲပိုင်ခွင့်သည် အရေးကြီးသည့် ခြေလှမ်း အစ ဖြစ်သည်။**

ပြည်သူ့အရေးဆောင်ရွက်ချက် အနေဖြင့် အဓိပ္ပာယ်ပြည့်ဝကာ လွှမ်းခြုံမှုအားကောင်း ၍ လူ့အဖွဲ့အစည်း တစ်ခုလုံးအတွက် ဒီမိုကရေစီစံနှုန်း အခြေခံသည့် မြေစီမံ ခန့်ခွဲပိုင်ခွင့်ဖြင့် စတင်ရမည်ဖြစ်သည်။ ထိုအတွက် မြေရှိသော်လည်း ဖိအား အမျိုး မျိုး အောက်တွင် ခြိမ်းခြောက်ခံ နေရသော အလုပ်သမား အားလုံးအတွက် မြေလက် လှမ်းမီနိုင်မှုကို အသိအမှတ်ပြုခြင်း၊ ထို့အပြင် မြေယာမဲ့များ၊ မြေယာမဲ့နီးပါး ဖြစ်နေသူများအတွက် မြေပြန်လည်ခွဲဝေ ခြင်း (redistribution)၊ ပြည်တွင်း စစ်ဘေးရှောင်ရသူများ နှင့် ဒုက္ခသည် များ၏ မြေအပါအဝင် မူလလူမှုဝန်းကျင် ပြန်လည်ပေးအပ်ခြင်း (restitution) စသည်အစီအစဉ်တို့မှတဆင့် ဆောင်ရွက်

ရမည်ဖြစ်သည်။ သို့သော် ထိုကဲ့သို့ မြေအခြေပြု ပြည်သူ့အရေး ဆောင်ရွက်ချက်များသည် ပထမ ခြေလှမ်းသာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အမှန်တကယ်တရားမျှတမှုရှိသည့် ရေရှည်တည်တံ့သော ဒီမိုကရေစီ လူမှုအဖွဲ့အစည်း တည်ဆောက်ရန်အတွက်ဆိုလျှင်မူ ထို့ထက်ပိုသည့် ဆောင်ရွက်မှုများ လိုအပ်ပါသည်။

**၂၁. ၅ သန်းခန့်ရှိသည့် ရွှေ့ပြောင်းအလုပ်သမားများအား ထုတ်လုပ်ခဲ့သည့် စနစ်ကြီးသည် ဆက်လက်၍ ထိုသူများကို ထုတ်နေဆဲဖြစ်သည်။**

ထိုကဲ့သို့ စနစ်အကျပ်အတည်းအောက်တွင် မြေယာမဲ့စေခြင်း၊ ဆင်းရဲမွဲတေမှုများ ဖြစ်စေသည့် ယန္တရားများသည် ဆက်လက်လည်ပတ်ဆဲဖြစ်သည်။ တောင်သူများ၎င်းတို့ပိုင်သောမြေများကို ရောင်းချခြင်း၊ ငှားရမ်းခြင်းပြုရကာ နေ့စား၊ လစား အလုပ်မှ ဝင်ငွေအပေါ်တွင်သာလုံးလုံး မှီခိုသွားစေပြီး အကြွေးနွံပိတ်မိစေသည့် ယန္တရားသာမဟုတ်ပဲ အခြား ယန္တရား တွန်းအားများလည်းပါဝင်နေသည်။ ပြည်တွင်း စစ်ဘေးရှောင်များနှင့် ဒုက္ခသည်အမြောက်အများကို စဉ်ဆက်မပြတ်ထုတ်ပေးနေခဲ့သည့် ကျယ်ပြန့်စွာ ဖြန့်ကျက်ထားသော စစ်အာဏာချဲ့ခြင်းသည် ယခင်နှစ်ကာလ များမှယခုထက်တိုင် ဆက်လက် ရှိနေဆဲဖြစ်သည်။ ထို့အပြင် စစ်တပ်နှင့် အစိုးရမှ တိုင်းပြည်လုံခြုံရေး၊ ဖွံ့ဖြိုးရေး၊ အများပြည်သူ အကျိုးစီးပွား နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံကိန်းကြီးများ အမည်ခံကာ မြေသိမ်းမှုများကြောင့် ပြည်သူများမှာ၎င်းတို့မြေပေါ်မှ မောင်းထုတ်ခံနေရဆဲဖြစ်သည်။ ထို့အပြင် ၎င်းတို့၏ အနီးအနားရှိ တောတောင်သဘာဝ သယံဇာတများအားလက်လှမ်းမမီနိုင်မှုကို တရားဥပဒေဖြင့်တားမြစ်ခြင်း၊ ကန့်သတ်ခြင်း စသည်တို့ကြုံတွေ့နေရဆဲ ဖြစ်သည်။

*"ကျွန်မ ဒုက္ခသည်စခန်းမှာနေပါတယ်။ စခန်းမှာတော့ ကိုယ်ပိုင်လယ်မြေဆိုတာမျိုးမရှိဘူးပေါ့။ ဘယ်သူမှလည်း အဲလိုမရှိကြဘူး။ ဒါပေမယ့် ကျွန်မမိသားစုက ကျန်ခဲ့တဲ့ ရွာမှာတော့ လယ်မြေရှိပါတယ်။ ကျွန်မတို့ စပါး၊ ပြောင်း စိုက်တယ်။ ကြက်တွေ ဝက်တွေ ကိုယ့် ခြံဝင်းထဲမှာပဲ မွေးကြတယ်။ ဒါပေမယ့် စစ်တပ်နဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ကြား တိုက်ပွဲတွေဖြစ်လာတော့ ကျွန်မတို့ ထွက်ပြေးလာရပြီး အခု စခန်းမှာ နေခဲ့ရပါတယ်။ ကျွန်မတို့ ရွာကို ပြန်နိုင်ဖို့ အဲဒီမှာ အလုပ်တွေပြန်လုပ်နိုင်ဖို့က လုံခြုံတဲ့အချိန်၊ ငြိမ်းချမ်းတဲ့ အချိန်မှ ဖြစ်တော့မှာပါ။ ဒါပေ*

*မယ့် ဘယ်တော့ အဲလိုဖြစ်မလဲ မသေချာပါဘူး။ ကျွန်မ လားရှိုးပညာရေး ကောလိပ်မှာ ကျောင်းတက်ခဲ့တယ်။ အဲအတွက် အကြွေးတင်ခဲ့ပါတယ်။ စခန်းနားမှာက အမြဲအလုပ် မရှိဘူးလေ။ အဲဒါကြောင့် တရုတ်နိုင်ငံဘက်ကို သွားပြီး အကြွေးဆပ်နိုင်ဖို့ အလုပ်လုပ်ရတာပါ။ ကပ်ရောဂါ မဖြစ်ခင်က တရုတ်နိုင်ငံမှာ အလုပ်လုပ်ရတာ အဆင်ပြေတယ်။ အခုလို ရောဂါတွေ ဖြစ်လာတော့ ဝင်ငွေတွေ လျော့လာတယ်။ အဲဒါကြောင့် မေလ ၂၀၂၀ မှာ ကျွန်မ အိမ်ပြန်ဖို့ ဆုံးဖြတ်လိုက်တယ်။ စခန်းမှာ ကျွန်မကို ပညာရေးနောက်ခံရှိလို့ ဆရာမ အဖြစ်တာဝန်ပေးကြတယ်။ ဒါပေမယ့် ကျွန်မ မိသားစုအတွက် အဲဒီဝင်ငွေက မလုံလောက်သေးဘူးလေ။"*

*(၂၅နှစ်၊ ကချင်အမျိုးသမီး ရွှေ့ပြောင်းအလုပ်သမား၊ ရှမ်းပြည်နယ်)*

**၂၂. ထိုကဲ့သို့ ပြည်သူများ အခြေမဲ့စေသည့် ယန္တရားများအား တရားဝင်မှုမရှိပဲ ဆောင်ရွက်ခဲ့သော်လည်း အများအားဖြင့် ၂၀၁၂ မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး (VFV) ဥပဒေကဲ့သို့ ဥပဒေများ အသုံးချကာ တရားဥပဒေလမ်းကြောင်းဖြင့် ဆောင်ရွက်ခဲ့သည်။**

VFV ဥပဒေအားဖြင့် ဈေးပေါပေါဖြင့် ရနိုင်သည့် ကုန်ပစ္စည်းဟု ဆိုနိုင်သည့် လုပ်အားများထုတ်လုပ်သည့် လူမှုစက်အင်ဂျင်အား လောင်စာဆက်ထည့် ပေးနေသည်။ VFV ဥပဒေတစ်ခုတည်းက ကျေးရွာများရှိ မြေသိမ်းယူမှုများ ဖြစ်ပေါ်စေသည် မဟုတ်သော်လည်း အဓိက သော့ချက် တစ်ခုတော့ ဖြစ်သည်။ ၂၀၁၃ နှစ်စပိုင်းတွင် ဟက်တာ ၂ သန်းခန့် (လယ်မြေ၊ ရေဝပ်ဒေသ၊ သစ်တောမြေ စသဖြင့်) ရှိသော မြေပမာဏအား အသုံးပြုခွင့် အမျိုးမျိုး ချထားပေးခဲ့သည်[1]။ ၂၀၁၃ နောက်ပိုင်းတွင် ထိုကဲ့သို့ တရားဝင်စာရင်းမရှိတော့ပါ။ ဖြစ်နိုင်ခြေရှိသည်မှာ ပြောင်းလဲမှု ကြီးမားစွာရှိမည် မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် သိမ်းဆည်းမြေများကို ပြန်လည်ပေးအပ်ခြင်း၊ ပြန်လည်ခွဲဝေပေးခြင်း စသည်တို့နှင့် ဆက်စပ်၍ ထူးခြားသည့် တိုးတက်မှု ရှိသည်ဟု မသိရသောကြောင့် ဖြစ်သည်။ ယခုဖော်ပြခဲ့သော အချက်အလက်သည် အတိတ်ကာလတွင် စစ်တပ်မှ သိမ်းယူထားသည့် မြေနှင့် မသက်ဆိုင်ပါ။ ၂၀၁၂ - ၂၀၁၃တွင် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီအနေဖြင့် တစ်နိုင်ငံလုံးရှိ ကျေးလက်ဒေသများမှ မြေဧကပေါင်း နှစ်သိန်းခွဲ

[1]Government of the Republic of Myanmar, MOALI. 2016. Working Paper 10: Land Tenure and Administration: Formulation and Operationalization of National Action Plan for Poverty Alleviation and Rural Development through Agriculture (NAPA). Rome, Italy: FAO.

ခန့် သိမ်းဆည်းခံထားရမှုနှင့် ပတ်သက်၍ စစ်ဆေးမှု ရှိခဲ့သည်။ ထိုစစ်ဆေးမှုဖြစ်စဉ် မည်ကဲ့သို့ အလုပ်လုပ်သည်မှာ မရှင်းလင်းပါ။ အဘယ်ကြောင့်ဆိုသော် ဧကပေါင်း ၁၈၀၀၀ ခန့်သာ ရွာသားများထံ ပြန်လည်ပေးအပ်ခဲ့သည်ဟု ထုတ်ပြန်ထားသောကြောင့် ဖြစ်သည်။ ထို့အပြင် တိုင်းရင်းသားဒေသများတွင် လက်နက်ကိုင်အဖွဲ့များမှလည်း ရွာသားများ၏ မြေများကို သိမ်းဆည်းမှုများရှိကာ စိုက်ပျိုးခြံကြီးများ - ဥပမာ - ကြံခင်း အဖြစ် ပြောင်းလဲခဲ့ပါသည်။ အစိုးရ အနေဖြင့် ထိုကဲ့သို့ မြေသိမ်းဆည်းမှုများကို တားမြစ်ခြင်း၊ ပြန်လည်ပေးစေခြင်း မပြုလုပ်ခဲ့ပါ။ သေချာသည်မှာ VFV ဥပဒေအားဖြင့် မြေမှတ်ပုံတင်ခြင်းကို အတင်းအကျပ်ပြုလုပ်နေသည့် အစိုးရ၏ ဆုံးဖြတ်ချက်သည် ထိုကဲ့သို့သော အတိတ်နှင့် ပစ္စုပ္ပန်ကာလတွင်ဖြစ်ပေါ်ခဲ့သော မြေသိမ်းဆည်းမှု အမြောက်အမြားကို တရားဝင်မှုပြုပေးသလို ဖြစ်သွားပါလိမ့်မည်။

**၂၃. ရွှေ့ပြောင်းအလုပ်သမားများ၏ အခက်အခဲအား သေချာအသိအမှတ်ပြုကာ ဒီမိုကရေစီနည်းလမ်းကျကျ ဖြေရှင်းလိုလျှင် ဆောင်ရွက်သင့်သည့် ပြည်သူ့ရေးရာ ဆောင်ရွက်ချက်တစ်ခုမှာ မြေလွတ်မြေ လပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေအားချက်ခြင်း ဖျက်သိမ်းရန် ဖြစ်သည်။**

အစိုးရအနေဖြင့် ဒီမိုကရေစီ စံနှုန်းကျသည့် မြေပေါ်လစီများအား မြေယာဆိုင်ရာ ရပိုင်ခွင့်များကို အသိအမှတ်ပြုခြင်း (recognition)၊ ပြန်လည်ခွဲဝေခြင်း (redistribution) နှင့် ပြန်လည်ပေးအပ်ခြင်း (restitution) စသည်တို့ကို အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အခြေခံ၍ ချမှတ်ရမည်။ ထို့အပြင် တပြေးညီ သတ်မှတ်ထားသည့် အနိမ့်ဆုံးနှင့် အမြင့်ဆုံး မြေပိုင်ဆိုင်နိုင်မှု သတ်မှတ်ချက်များ ပါဝင်သည့် မြေဥပဒေ တစ်ခုပြဋ္ဌာန်းရမည်။ ၎င်းအားဖြင့် စီးပွား ရေးလုပ်ငန်းများ နှင့် လူတစ်ဦးချင်းစီအနေဖြင့် မည်မျှမြေပိုင်ဆိုင်နိုင်သည်ကိုသတ်မှတ်ကာ မြေပေါ်တွင် အသက်မွေးဝမ်းကြောင်းပြုလိုသူများ အနေဖြင့် အနည်းဆုံး လိုအပ်သောမြေ၊ ရေ၊ သစ်တော သဘာဝသယံဇာတများကို လက်လှမ်းမှီနိုင်ခွင့် အခွင့်အရေးကို အသိအမှတ်ပြုရမည်ဖြစ်သည်။

*"ကပ်ရောဂါဖြစ်တော့ ထိုင်းကကျွန်တော် အလုပ်ကနေနားပြီး အညာကရွာကို ပြန်ခဲ့တယ်။ ကျွန်တော်က မြန်မာနိုင်ငံအလယ်ပိုင်းဒေသက ဆင်းရဲတဲ့ မိသားစုက လာတာပါ။ ကျွန်တော်ငယ်ငယ်တုန်းက စစ်တပ်*

*နဲ့နီးတဲ့ ကုမ္ပဏီကြီးတစ်ခုက ကျွန်တော့ မိဘမြေတွေအပါအဝင် မြေတွေတော်တော်များများကို သိမ်းယူခဲ့တယ်။ အခုထိ မှတ်မိသေးတယ် အဲဒီတုန်းက ရွာသားတွေနဲ့ ကုမ္ပဏီကလူတွေ စကားများ ရန်ရင်းဆန်ခတ်ဖြစ်ကြတာကို။ ကုမ္ပဏီက အဲဒီမြေပေါ်မှာ စီမံကိန်းတွေလုပ်ဖို့ အစီအစဉ်ရှိပေမယ့် လက်တွေ့မှာ မအောင်မြင်ခဲ့ဘူး။ သိမ်းယူခဲ့တဲ့ မြေနေရာတော်တော်များများကို ဒီအတိုင်းထားလိုက်ကြတယ်။ ကုမ္ပဏီက အပြင်ကလူတစ်ချို့ကို အဲဒီပေါ်မှာ ပေးလုပ်လိုက်တယ်။ ရွာသားတွေကလည်း အဲဒီမြေပေါ်မှာ ပြန်နေရာယူ ကြတယ်။ လယ်ပြန်လုပ်တယ်။ ကျွန်တော့ မိဘတွေလည်း သူတို့ပိုင်မြေ ၁၀ ဧက လောက်ကို ပြန်ယူကြတယ်။ စစ်တပ်ကတော့ ဘာမှပြဿနာမရှာခဲ့ဘူး။ ဒါပေမယ့် ကုမ္ပဏီက အငှားချလိုက်တဲ့ လူတွေက ပြဿနာရှာကြတယ်။ တကယ်တမ်းတော့ စိုက်ပျိုးမြေက သိပ်ဝင်ငွေမရပါဘူး။ ကျွန်တော် ရွာအနီးအနားတဝိုက် အလုပ် လုပ်တယ်။ ကံကောင်းရင် တစ်နေ့ ဝင်ငွေ ၄၀၀၀ လောက်ရတဲ့ အလုပ်ရတယ်။ ဒါပေမယ့် ရွာနားတဝိုက်က အလုပ်က တော်တော်ရှားတယ်။”*

*(၂၅နှစ်၊ ရွှေ့ပြောင်းအလုပ်သမား၊ မကွေးတိုင်း)*

**၂၄. မည်သည့် လုပ်ဆောင်ချက်မှ မလုပ်လျှင် ကပ်ရောဂါမဖြစ်ခင်ကာလအတိုင်း အရာရာပြန်ဖြစ်သွားမည် ဖြစ်သည်။**

လက်ရှိရွှေ့ပြောင်း အလုပ်သမားများ ကြုံတွေ့နေရသည့် အခြေအနေများကို ဖြစ်ပေါ်စေခဲ့ကာ ဆက်လက်အသက်သွင်းနေသည့် လူ့အဖွဲ့အစည်းတည်ဆောက်ပုံနှင့် ဥပဒေမူဘောင်များကို ကြီးမားစွာပြောင်းလဲမှု မလုပ်နိုင်လျှင် ကပ်ရောဂါအလွန် ကမ္ဘာသည် ရွှေ့ပြောင်းအလုပ်သမားများ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် ရပ်ရွာ လူထုအတွက် ယခင်အခြေအနေဟောင်းသည် အသစ်သောကာလတွင် ဆက်လက်သန္ဓေတည်နေဦးမည်ဖြစ်သည်။ တနည်းအားဖြင့် ဆိုရသော် အသစ်မဟုတ်သည့်အသစ် ဟူသောပုံမှန်အခြေအနေ ဟူ၍လည်း ခေါ်ဆိုနိုင်ပါသည်။

*“ကပ်ရောဂါစဖြစ်တဲ့ ၂၀၂၀ ခုနှစ် ဧပြီလလောက်မှာ ကျွန်မတို့ရဲ့ အမကြီးအမျိုးသားသွေးကင်ဆာ နောက်ဆုံးအဆင့် ဖြစ်နေပြီဆိုတာကြားခဲ့ရတယ်။ အဲဒါနဲ့ အခက်အခဲတွေ ဘယ်လောက်ရှိပေမယ့် ကျွန်မတို့ ဂိတ်တော်တော်များများမှာ လာဘ်ပေးပြီး မြန်မာနိုင်ငံက ရွာအရောက်ပြန်ခဲ့ကြတယ်... ကျွန်မတို့ရွာမှာ လုပ်စရာမရှိဘူး။ ကျွန်မတို့မှာ ဝင်ငွေမရှိလို့ မဖြစ်ဘူးလေ။ ဒါကြောင့်*

*တရားမဝင်လမ်းကြောင်းကနေပဲ ထိုင်းက ပြန်လာဖို့ ဆုံးဖြတ်လိုက်တယ်။ တစ်ယောက်အတွက် ငွေ ၁၀သိန်းပေးခဲ့ရတယ်။ လမ်းကြောင်း တစ်လျှောက် အစိုးရဘက်ကရော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကရောတားမြစ်တာကြုံရတယ်။ အဲဒါကြောင့် ရွာတစ်ရွာမှာ ၃ ညလောက်နေခဲ့ရတယ်။ ပြီးတော့ တောတစ်ခုကို ဖြတ်ရတယ်ပြီးတော့ တောင်ထိပ် တစ်ခုပေါ်ရောက်တော့ အဲဒီက ကရင်ရွာမှာ နောက် ၃ ညနေခဲ့တယ်။ အဲဒါပြီးမှ ထိုင်းဘက် ပြန်ရောက်တယ်။ ဘယ်လောက်ကြမ်းတမ်းတဲ့ ခရီးဖြစ်ပါစေ ကျွန်မတို့အနေနဲ့ ရွှေ့ပြောင်းအလုပ်ကသာ ကျွန်မတို့အတွက် အသင့်လျော်ဆုံးပဲလို့မြင်တယ်။" (၄၄ နှစ်၊ အမျိုးသမီး ရွှေ့ပြောင်းအလုပ်သမား၊ မွန်ပြည်နယ်)*

**၂၅. နယ်စပ်၏ တဘက်တွင်တည်ရှိသော မြန်မာနိုင်ငံအတွင်းသာ လူ့အဖွဲ့အစည်း တည်ဆောက်ပုံနှင့် ဥပဒေမူဘောင်များကို ပြောင်းလဲရုံဖြင့် ရွှေ့ပြောင်းလုပ်ငန်း၏ ကဏ္ဍတစ်ခုလုံးဖြစ်စေ တစ်စိတ်တစ်ပိုင်း ဖြစ်စေ အလိုအလျောက်ပြောင်းလဲသွားစေမည်မဟုတ်ပါ။**

ရွှေ့ပြောင်းလုပ်ငန်း၏ ဇာတ်ကြောင်း တစ်ဝက်မှာ တဘက်နိုင်ငံရှိ အစိုးရများ၊ ပြည်သူများနှင့် ဆက်စပ်နေကာ ၎င်းတို့မှလည်း ပုံဖော်ထားသည်ဟု သိမှတ်ပါသည်။ ထို့ကြောင့် ထိုနေရာများတွင်လည်း အပြောင်းအလဲလိုအပ်ပါသည်။ နောက်ဆုံးတွင် ရွှေ့ပြောင်းအလုပ်နှင့် သက်ဆိုင်သော အရေးကိစ္စများ ဖြေရှင်းရန်မေးခွန်းမှာ နိုင်ငံတကာအရေးလည်း ဖြစ်နေပါသည်။ ထို့ကြောင့် နိုင်ငံတကာမှ ပူးပေါင်းပါဝင်ကာ နယ်စပ်အဘက်ဘက်တွင်ရှိသော ပြည်သူများ ဝိုင်းဝန်းလုပ်ဆောင်ဖို့ လိုအပ်ပါသည်။

**၂၆. ရှေ့ဆက်သွားခြင်းသည် လက်တွေ့တွင် နောက်ခြေလှမ်းလှမ်းခြင်းသာဖြစ်နေသော အခါ။**

ကပ်ရောဂါ မတိုင်မီကာလတွင် အရာအားလုံးသည် အဆင်ပြေနေသည်ဟု ယူဆခြင်းအပေါ် အခြေခံသောကြောင့် ရှေ့ဆက်လျှောက်ရမည့်လမ်းသည် လက်တွေ့တွင် နောက်ပြန်လျှောက်ခြင်းသာ ဖြစ်နေလျှင် အလွန်မြောက်မြားသော ရွှေ့ပြောင်းအလုပ်သမားများ စဉ်ဆက်မပြတ်ထုတ်လုပ်ပေးသည့်စက်အင်ဂျင်ကို ပြန်လည်စတင်လိုက်ခြင်းသာ ဖြစ်ပေတော့သည်။ ထိုသူများသည် လူ့ခံနိုင်ရည်စွမ်းအား ထက်ပိုလုပ်ရသော လုပ်သားစွမ်းအားရှင်များ (super-workers) ဖြစ်သော်လည်း အခြေခံလူ့အဆင့်အတန်းထက်နိမ့်ကျသော အခြေ

အနေများတွင် နေထိုင်ရသူများ (sub-humans) ဖြစ်နေတော့သည်။ အကျိုးဆက်အားဖြင့် အခြေခံလူတန်းစားပြည်သူများ၏ ဘဝအခြေမဲ့စေသည့်ဖြစ်စဉ် အမျိုးမျိုးမှာ ပုံမှန်ဖြစ်နေကျ အဖြစ်အပျက်များကဲ့သို့ ဖြစ်လာပြီး အလုပ်သမားများ၏ဘဝမှာ ဆင်းရဲမွဲတေခြင်း၊ လူ့အဆင့်အတန်းဆိုးရွားနိမ့်ကျခြင်း တို့ဖြင့်သာ အဆုံးသတ်သွားနိုင်ပါသည်။

Justice Society

LAHU DEVELOPMENT NETWORK

MACDO

MRLPAC

Mon Women's Organization

Mon Youth Progressive Organization

Pa-O Youth Organization

TAI YOUTH NETWORK

International Institute of Social Studies

tni

erc

European Research Council

Established by the European Commission

RRUSHES-5 -- Commodity & land rushes and regimes: Reshaping five spheres of global social life (food, climate change, labour, citizenship, and geopolitics) is a research project at the International Institute of Social Studies (ISS) of Erasmus University Rotterdam, Netherlands, in collaboration with the Transnational Institute (TNI), that has received funding from the European Research Council (ERC) under the European Union's Horizon 2020 research and innovation programme (grant agreement No. 834006).